

# ဆနိုလေတဲ့ညီရေ

သု (သဒ္ဓမ္မရံသီ)

# ဆန့်လေတဲ့ညီရေ

## ညု (သဒ္ဒမ္မရံသီ)

ဖြန့်ချိရေး

---


**ရောင်နီသစ်စာပေ**
အမှတ်(၄၂) အနောက်(ခ)ရုံ၊
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။
ဖုံး – ၂၄၀ ၉၆၆၊ လိုင်းခွဲ ၄၄၆။

**ဘဝကူးဦး စာပေ**
အမှတ် ၆၅–စီ (၁)
ကမ္ဘာအေးဘုရားလမ်း
(ကျောက်မျက်ရုံးရှေ့)
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | - ၇၅၆/၉၉ (၁၂) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - ၆၄၅/၉၉ (၁၂) |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ မတ်၊ ၂၀၀၀ ပြည့် |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၆၀ |
| မျက်နှာဖုံးဓာတ်ပုံပန်းချီ | - ညောင်ဦး ဖိုးချို |
| မျက်နှာဖုံးကာလာခွဲ | - 33 Graphic Studio |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - ဦးသန်းဝင်း (ခ) ဦးဟာစံ (၀၃၁၀၅) လမင်းပုံနှိပ်တိုက်၊ တိုက်အမှတ် (၆) တင့်ဆန်းလမ်း၊ ဆရာစံမြောက် အနောက်ရပ်ကွက်၊ ဗဟန်း၊ ၁၁၃၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် |
| ထုတ်ဝေသူ | - ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေတိုက် ၈/၆၅ အုပ်စု (၃) အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |

## မွေ့အလှူ သူတို့ယူ

ဦးသိန်းဇော် (ဗိသုကာ၊ အင်ဂျင်နီယာ)
ဒေါက်တာ ဒေါ်ယုယု
သားကြီး မောင်ဝင်းလွင်ဦး
သားငယ် မောင်ငွေစိုး မိသားစုမှ
တစ်သိန်းသုံးသောင်းကျပ်တိတိ

ယောဂီဒေါ်ဟုန်ကြည် မိသားစုမှ
လေးသောင်းကျပ်တိတိ
ကျေးရူးရှင် ဖခင်ကြီး ဦးစိန်မြင့်အား ရည်စူး၍
သမီး မလေးလေးမြင့်မှ
သုံးထောင်ကျော်
သတင်းစာကြော်ငြာအလှူရှင်
မောင်လှမင်း (ရွှေကမ္ဘာကုမ္ပဏီမိသားစု) မှ

လှူဒါန်းကြပါ၏။

# အောင်နိုင်ခြင်းဥဒါန်း

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ**

တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ**

တရားနှင့်မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။

**ရေဆန်ပြစ်ပွဲ –**

ဆန်လေတဲ့သည်ရေ
ဘောင်တန်းတွေတက်ကာလှမ်း
ဖြတ်သန်းရပေ။
ခရီးရယ်ကြမ်း
သားရဲနှယ်ပြမ်းပါဘိ
ကြောက်စိတ်တွေဘယ်မရှိ
အားပြည့်လို့နေ။
လောကရဲ့ အဆိုတွေ
မိဘသည်စုန်ရေတဲ့
ဆန်ရေဟာ ဘယ်မဖြစ်
မွှင့်လှစ်လို့ချေ။
များပြားစွာသည်ဆန်ရေ
ဘာကယ်သေ မဖြစ်ကြား
တစ်ပေါက်နှယ်ဆန်ရေတော့
မှန်မသေ့ဘာကယ်ဖြစ်တယ်
အားသစ်တွေမှား။

# သေသော်ငရဲမကြား

မိဘကျေးဇူး
မြင့်မိုရ်ထုကို
ပြိုင်တုမပိုင်
မကျေနိုင်လည်း
ဆုံးတိုင်အသက်
ငါပေးဆက်မည်
အထက်သို့သာ
လားဖို့ရာတည်း။

# မာတိကာ



# ဤစာတိုဖြင့်
# လူတကာကို
# ပျူငှာစွာမိတ်ဆက်တယ်

စာမျက်နှာ - (က)



# စာအုပ်လှူရာ
# ကျိုးများစွာ

ကမ္ဘာနှင့်ချီ
အလီလီ
မုချစံရမည်။
သုခဖြာဖြာ
ကျိုးများစွာ
စာအုပ်လှူရှိပါ။
ကောင်းမှုအကျိုး
များအားကိုး
တိုးရှိပွားမည်သာ။



## မပြစ်မှားရာ ဤစကားပြော

မာတာပိတု
သဗ္ဗညုနှင့်
အစုသာဝက
ပေါင်းလေးတည်း။

မပြစ်မှားရာ
ပြစ်မှားပါက
ကြီးစွာအပြစ်
ခံရခက်၏။

ပညာရှိများ
ရေးမထားပဲ
မိုက်မှားသူတွေ
မြောက်စားပေ၏။

ရှည်စွာအသက်
တည်ကြားလျက်လည်း
အကျိုးမများ
ဆုံးမထားသော –။



# ဘဝသံသရာ
# ကြောက်စရာ

ပစ္စည်းပေါများ
ခြံရံများနှင့်
အမှတ်တံဆိပ်
မြင့်မှန်မို့ပြန်
သိမ့်သိမ့်တုန်ခါ
ဘဝသံသရာ
ကြောက်စရာ။



# အသက်ပေးအပ်

# ကျေးဇူးဆပ်မည်

မိဘကျေးဇူး

မြင့်မိုရ်ဦးကို

အထူးတလည်

ဆန္ဒရယ်က

အသက်ပေးအပ်

ကျေးဇူးဆပ်မည်

စာမျက်နှာ - (၇)



# ဂုဏ်ယူဝင့်ကြွား
# ကျေးဇူးဆပ်သမား

မိုးရွာနေပူ

ရာသီဆူကြမ်း

ရမ်းကားပါစေ

ငါလေ လူသား

ဂုဏ်ယူဝင့်ကြွား

ကျေးဇူးဆပ်သမား

စာမျက်နှာ - (၁၆)



## အဖေရိုက်လည်း
## မမိုက်ခဲ့ပါ

ဆဲဆိုမက

ဖေဆုံးမလည်း

စိတ်မပြစ်မှား

ကောင်းစားပြုပြင်

တင်ကျေးဇူးတွေ

ပြေပျောက်စေဖို့

အဖေသည်ရိုက်

ငါမမိုက်ခဲ့။



# ကံပွင့်၍
# ကံဆင့်တဲ့ သည်အချိန်

လက်ငင်းကျိုးရ
ကျေးဇူးခကို
ရွာမှမြို့တက်
ရန်ကုန်ဘက်သို့
ရောက်လျက်လုပ်ရ
မိဘအကြွေး
ဆပ်မနှေးနှင့်
ကံသည်ပွင့်တက်
ကံမြင့်ဆင့်တဲ့သည်အချိန်။

စာမျက်နှာ - (၃၂)



# သတိရမိသည်

# အားကျမျက်ရည်

ဇာတ်တော်ထဲမှ

မြတ်သောရဟန်း

ကျေးဇူးဆပ်ပုံဘာကယ်ဆန်း။

မိအို ဖအို

ကျေးဇူးကို

ခန္ဓာညိုးလျော်

သစ်ချက်ခော်သို့

မှန်သော်ဖြစ်ငြား

မရပ်နားပဲ

ဆပ်ထားကျေးဇူးကို — —။

အားကျလှသည်

သတိရမျက်ရည်

စီးကျရပါတော့သည်။

စာမျက်နှာ – (၂၄)



# ဘဝတူလေး

တိရစ္ဆာန်ငှက်

သာလိကေဒါ
ကျေးငှက်ဟာ
မာတာပိတု
မြတ်ကျေးဇူးကို
ဆပ်မှုလွန်စွာထူး။
ရဲဝံ့စွန့်စား
သူ့စပါးကို
စားလည်းစားသည်
ယူငင်ချီ၏။
အကြွေးဟောင်းဆပ်
ကြွေးသစ်ထပ်သည်
ရွှေအိုးမြုပ်နှံအပ်ရသည်။

စာမျက်နှာ - (၆၄)





## သုံးသပ်ထင်မြင်
## ကျေးဇူးဆပ်စေချင်

ဖတ်မိပြီးကာ

ဖတ်သောစာကို

သေချာညက်ကွန့်

သင်မတွန့်စေ

မဆွန့်စေနှင့်။

သုံးသပ်ထင်မြင်

ကျေးဇူးဆပ်စေချင်။

စာမျက်နှာ - (၆၇)

## ဤစာတို့ဖြင့်
## လူတကာကို
## ပျူငှာစွာ မိတ်ဆက်တယ်

**ဆန်လေတဲ့သည်ရေ။** ။ ဆန် ရေ ဆို တာ စက်တပ်ယာဉ် မော်တော်များပင် အလူးအလဲ ထိုးခတ် ခမောင်းတင် ကြိုးစားရသေး၏။ စိတ်တပ်ထားသည့် သူသားသည်လည်း ကြိုးစား၍ ကူးခပ်ရာ၏။ ကြိုးစား ခြင်း ဝီရိယ အစွမ်းထက်မြက်စေမှုသည် ရေစုန်ကဲ့သို့ လွယ်ကူ၍ ပင်ဖြစ်၏။

ခက်ခဲမှုကို လွယ်လွယ်နှင့် ပြီးစီးဖို့ရာ မဖြစ်နိုင် ပေ။ မခက်ခဲအမှုကို ပြီးစီးအောင် ဆောင်ရွက်ဖို့ရာမှာ

အလွန်ပင်လွယ်ကူလှ၏။ လောက၌ ငွေသည် အရှာခက် သလောက် အသုံးအဖြုန်း၌ လွယ်ကူလှ၏။ စရဏ- အကျင့်သည် ကောင်းမှုကျင့်ဖို့ထက် မကောင်းမှုဖြစ်ဖို့ သည် အလွန်ပင် လွယ်ကူလှပေ၏။

ရေစုန်နှင့်တူသည့် အပါယ်ဒုဂ္ဂတိဘုံဘဝများသို့ ကျရောက်ဖို့ရာ လွယ်လင့်ပေ၏။ ထို့ကြောင့်လည်း အပါယ်သတ္တဝါများသည် မဟာပထဝီမြေပြင်ကျယ် လောက် ကြီးကျယ်များပြားပေ၏။ ရေဆန်နှင့်တူသည့် ကောင်းသော သုဂတိဘုံဘဝများသို့ တက်ရောက်ဖို့ရာ အလွန်ခဲယဉ်း၏။ လက်သည်းပေါ်ယံ တင်ရှိနေသည့် မြေမှုံမျှပင်ရှိချေ၏။

မိဘမေတ္တာစမ်းရေပြင်သည် အလွန်တရာ အေးမြ ကြည်လင်နေသည်။ ထိုရေသည် သားသမီးများအပေါ် တသွင်သွင် စီးဆင်းနေပေ၏။ စုန်ရေနှင့်တူပေသည်။ သားသမီးများသည် မိဘမှ ထုတ်လွှတ်ပေးသည့် ထို မေတ္တာရေလျှဉ် ကြောမှာ ဖိမ်ခံလျက် အမေ့ကြီးမေ့ကာ မျောပါလိုက်နေကြပေ၏။

သားသမီးရသည့် ထိုအချိန် ကိုယ့်သားသမီးကို အလွန်တရာ ချစ်ရှာပေ၏။ အကောင်ဗလောင်များ ဆိုပါက မှက်ခြင်သော်မှ မသန်းရ၊ အလှချင်းပြိုင် ကိုယ်ကနိုင်။ သားသမီးသည် မိခင် ဖခင်များအတွက်

စစ်မှန်တဲ့ အားဆေး မြင်ရှမဝ ရှုရှမဆုံး ထိုအပြုံးပိတိ ကို မိခင်ဖခင်ဖြစ်သူတိုင်း ခံစားဖူးကြ၏။ ကိုယ့် မိခင်ဖခင်များ၏ ကျေးဇူးကို ထိုအချိန်မှ သတိရတတ်ပေ လိမ့်။

(သာဓက = အဖကိုသတ်မိသည့် အဇာတသတ် မင်းသား သားရတနာလေး ရလာသော်မှ သတိသံဝေ ဖြစ်ရချေ၏။)

ထိုသံဝေဂမျိုးကို ပယ်ရှားရန်သာ။ အချိန်လွန်က ပြန်မရတော့ပါချေ။ မိဘကို အချိန်မီ မိမိအစွမ်းနိုင်ဆုံး အချိန်ကာလတွင် ချက်ခြင်းလက်ငင်း အကြွေးမထားပဲ ကျေးဇူးဆပ်နိုင်ကြရန် အရေးကြီးပေ၏။ ရေဆန်ကို ကူးခတ်နိုင်သည့် သားကောင်းသမီးမွန်များဖြစ်ကြစေရန် အတွက်--

**ပစ္စုပ္ပန်သာဓက**

**"မောင်အောင်ထွန်းလင်း၊ ပေါင်းကလေးကျေးရွာ၊ ငပဲမြို့နယ်၊ မကွေးတိုင်း။ ယခု- သဒ္ဓမ္မရံသီ ရိပ်သာနှင့် ဇာတ်တော်လာ သာဓက မိဘ ကျေးဇူးဆပ်ပုံ ရေဆန်ကူးခတ်ပုံတို့ကို-**

သားသမီးရှိသည့် မိဘတိုင်း၊ မိဘရှိသည့် သားသမီးတိုင်း-။ မိဘကျေးဇူးဂုဏ်တော်ကို ပေါ်လွင် စေလို ထင်မြင်စေလိုကြသူတိုင်း ဤစာတစ်ဆူကို

အလွယ်တကူသာ ဖတ်ကာယူကြရန် အဖတ်အသိဖြင့် ကျင့်မြတ်အထိကို ရယူရမည်က ယခု ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ချိန်ထက် သာလွန်ကောင်း မြတ်သောအချိန်ဟူ၍ မရှိသာတော့ပါ။

သု (သဒ္ဒမ္မရံသီ)

၂-၂-၂၀၀၀

အရှင်သုမတိ
သဒ္ဒမ္မရံသီရိပ်သာ
အမှတ် (၇)
ဇေယျာခေမာလမ်း
မရမ်းကုန်း၊ ရန်ကုန်။
၆၆၁၅၉၇, ၆၅၀၅၇၆

# စာအုပ်လှူရာကျိုးများစွာ

ဦးသိန်းဇော် (ဗိသုကာ၊ အင်ဂျင်နီယာ)

ဒေါက်တာဒေါ်ယုယု

သားကြီး - မောင်ဝင်းလွင်ဦး

သားငယ် မောင်ငွေစိုး မိသားစုတို့မှ စာပေရေးသားရန်၌ ဓမ္မဒေသနာပြန့်ပွားပါစေခြင်းအကျိုးငှာ ရည်မှန်း၍ စာအုပ်ကုန်ကျမှု နဝကမ္မ ဝတ္ထုငွေများကို မစ္ဆရိယ-နမျောဝန်တိုမှုစိတ်များ ကင်းဝေးလျက် မွန်မွန်မြတ်မြတ် သူတော်ကောင်း စိတ်ဓာတ်ဖြင့် လှူဒါန်းကြပေ၏။ စာရေးသူအနေဖြင့် အတိုင်းမသိ ပီတိသဒ္ဒါပွားရပါတော့သည်။

စာရေးရန် ကုန်ကျငွေ၊ စာရွက်၊ ပေရွက်၊ စာအုပ်များ လှူဒါန်းခြင်းသည် နည်းသည့်အကျိုးတော့

မဟုတ်ပေ။ အံ့သြဖွယ် များပြားဟူးဆန်း ကျယ်ဝန်းလှပေတော့၏။ သာဓကေတစ်ခုဖြင့် ကြည့်ညိုမှု ပြုရမည်ဆိုရင်ဖြင့်--- ဤကမ္ဘာမှ ပြန်၍ ရေတွက်ပါက ကိုးဆယ်တစ်ကမ္ဘာအထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူခဲ့ပေ၏။

ထိုအခါ ဒါယကာတစ်ဦးသည် မြတ်စွာဘုရားနှင့် တရားတော်မြတ်ကို အာရုံပြု၍ ပေါတ္ထကဒါန, ပေရွက် (စက္ကူ) (စာအုပ်) တို့ကို ပေးလှူခဲ့ပေ၏။ ဤကဲ့သို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှုကံကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံသို့ မကျရောက်တော့ပါပဲ လူချမ်းသာ၊ နတ်ချမ်းသာတို့ကို ကမ္ဘာပေါင်းများစွာ ခံစားကြရပေ၏။

ဦးသိန်းဖော် (ဗိသုကာ၊ အင်ဂျင်နီယာ)
ဒေါက်တာ ဒေါ်ယုယု
သားကြီး မောင်ဝင်းလွင်ဦး
သားငယ် မောင်ငွေစိုး မိသားစုတို့အဖို့ အလွန်ပင်ဝမ်းမြောက်စရာဖြစ်ပေသည်။

ဤကဲ့သို့ ပေါတ္ထကဒါနကို ပြုလုပ်ခဲ့သော ဒါယကာတစ်ဦးသည် ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်တွင်းဝယ်-

(က) ပဋိသမ္ဘိဒါဉာဏ်လေးပါး

(ခ) ဝိမောက္ခရှစ်ပါး

(ဂ) အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည့် ပေါတ္ထကဒါယကမထေရ်ဟု ထင်ရှားစွာ ဖြစ်ရပေ၏။

**(က) ပဋိသမ္ဘိဒါဉာဏ်လေးပါးဟူသည်-**

၁။ အတ္တပဋိသမ္ဘိဒါ = အကျိုးကိုသိသောဉာဏ်

၂။ ဓမ္မပဋိသမ္ဘိဒါ = အကြောင်းကို သိသော ဉာဏ်

၃။ နိရုတ္တိပဋိသမ္ဘိဒါ = သဒ္ဒါကို သိတတ်သော ဉာဏ်

၄။ ပဋိဘာန ပဋိသမ္ဘိဒါ= သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော ဉာဏ်တို့ ဖြစ်ပေသည်။

**(ခ) ဝိမောက္ခရှစ်ပါးဟူသည်-**

၁။ ရူပဈာန်နှင့် ပြည့်စုံသောသူသည် ရုပ်တို့ကို ရှုနေ၏။

၂။ မိမိသန္တာန်၌ ရုပ်ကို အမှတ်မပြုမူ၍ ပြင်ပ၌ ရုပ်တို့ကို ရှု၏။

၃။ တင့်တယ်၏ဟူ၍ သာလျှင် နှလုံးသွင်းနေ၏။

၄။ အာကာသာနဉ္စာယတန ဈာန်သို့ရောက်၍နေ၏။

၅။ ဝိညာနဉ္စာယတန ဈာန်သို့ရောက်၍နေ၏။

၆။ အာကိဉ္စညာယတနဈာန်သို့ရောက်၍နေ၏။

၇။ နေဝသညာ နာသညာ ယတန ဈာန်သို့ရောက်၍ နေ၏။
၈။ နိရောဓသမာပတ်သို့ ရောက်၍နေ၏။

(ဂ) အဘိညာဉ်ခြောက်ပါးဟူသည်-
၁။ ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့ သိမြင်နိုင်ခြင်း။
၂။ ဒိဗ္ဗသောတ = နတ်၏နားကဲ့သို့ ကြားနိုင်ခြင်း။
၃။ ဣဒ္ဓိဝိဓ = အမျိုးမျိုးဖန်ဆင်းနိုင်ခြင်း။
၄။ စေတောပရိယ = သူတစ်ပါး၏ စိတ်အကြံကို သိနိုင်ခြင်း။
၅။ ပုဗ္ဗေနိဝါသ = မိမိဖြစ်ခဲ့ဘူးသော ဘဝတို့ကို သိနိုင်ခြင်း။
၆။ အာသဝက္ခယ = အာသဝေါတရားလေးပါးတို့ ကုန်ခန်းခြင်းတို့ ဖြစ်ပေသည်။

ထို့ကြောင့်လည်း စာရေးသူအနေဖြင့် အကျိုးများစွာတို့ကို ကမ္ဘာနှင့်ချီ စံစားကြရမည့် မိသားစုနှင့်အတူ ဝမ်းမြောက်မှု စံနမူများ မညွှန်းပြနိုင်လောက်အောင် ဖြစ်ရပေ၏။ မိသားတစ်စုတို့သည်လည်းပဲ ကျင့်ကြံ ပြုလုပ်အားထုတ်မှုနှင့် ထပ်တူအကျိုးများ ရရှိမှုကို မလွဲမသွေ ခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းများ တောင်းလိုက်ရပါတော့သည်။

ဖခင် ဦးသိန်းဇော် (ဗိသုကာ၊ အင်ဂျင်နီယာ) ဒေါက်တာ ဒေါ်ယုယုတို့သည် တာဝန်ကျေပြွန်စွာ မိဘများကိုလည်း ကျေးဇူးဆပ်၊ သားကြီး သားငယ်တို့ကိုလည်း ကျွေးသစ်ချလာခဲ့ကြပေ၏။ သားကြီး မောင်ဝင်းလွင်ဦး၊ သားငယ် မောင်ငွေစိုးတို့ကလည်းပဲ မိဘနှစ်ပါး၏ ကျေးဇူးဂုဏ်ကို ရှိသေစွာဖြင့် ပြန်လည်၍ ပေးဆပ်နိုင်သည့် သားကောင်း သားမြတ်များ ဖြစ်ကြပေဦးမည်။ အလားတူပင် ဖတ်ရှိမှု အသိဖြင့် တတ်သိလိမ္မာလာမည့် အနာဂါတ် သားကောင်းသမီးမြတ်တို့ကို သချ်ာချ၍ မပြနိုင်အောင်ပင် ရှိချေတော့မည်ဟူ၍ ယုံကြည်နေမိပါသည်။

သု (သဒ္ဓမ္မရံသီ)

၂-၂-၂၀၀၀

# မပြစ်မှားရာ
# ဤသေးပြော

ရဟန်းတို့ ပုဂ္ဂိုလ်လေးမျိုးတို့၌ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်သော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ကဲ့သို့ စွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုတို့ကိုလည်း တိုးပွားစေ၏။

အဘယ် ပုဂ္ဂိုလ် လေးမျိုးတို့နည်းဟူမူ-

ရဟန်းတို့- အမိ၌ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေး

ပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုတို့ကိုလည်း တိုးပွားစေ၏။ အဖ၌ ပြစ်မှားသော၊ မြတ်စွာဘုရား၌ ပြစ်မှားသော၊ မြတ်စွာဘုရား၏ တပည့်သာဝက၌ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူးဖြို့ဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေး ပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ကဲ့သို့ စွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။

ရဟန်းတို့ ပုဂ္ဂိုလ်လေးမျိုးတို့၌ ပြစ်မှားသော မိုက်မဲ မလိမ္မာသည့် သူယုတ်သည် ဂုဏ်ကို တူဖြို့ဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုတို့ကိုလည်း တိုးပွားစေ၏။

ရဟန်းတို့ ပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သော ပညာရှိလူလိမ္မာ သူတော်ကောင်း၊ ပုဂ္ဂိုလ်တို့သည် ဂုဏ်ကို မတူးဖြို့ မဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်မရှိသူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူ

လည်းဖြစ်၏။ များစွာသော ကောင်းမှုကိုလည်း တိုးပွား စေ၏။

အဘယ် ပုဂ္ဂိုလ်လေးမျိုးတို့နည်းဟူမူ- အမိ၌ ကောင်းစွာကျင့်သော၊ မြတ်စွာဘုရား၌ ကောင်းစွာကျင့်သော မြတ်စွာဘုရား၏ တပည့်သာဝက၌ ကောင်းစွာကျင့်သော ပညာရှိ လူလိမ္မာ သူတော်ကောင်း ပုဂ္ဂိုလ်သည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးသဖြင့် ဂုဏ်ရှိသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်မရှိ သူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသောကောင်းမှုကိုလည်း တိုးပွားစေ၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာ ကျင့်သော ပညာရှိ လူလိမ္မာ သူ့တော်ကောင်း ပုဂ္ဂိုလ် သည် ဂုဏ်ကို မတူးဖြိုမဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်မရှိ သူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသောကောင်းမှုကိုလည်း တိုးပွားစေ၏။

(စတုက္ကအင်္ဂုတ္တိုရ်၊ ၁-ဘဏ္ဍာဂါမဝဂ်၊ ၄- ဒုတိယ ခတသုတ်)

အထက်ပါ ဗုဒ္ဓဆန္ဒတော်ကို ရှုကြည့် ကြည်ညို ခြင်းဖြင့် မပြစ်မှားသင့်သော ပုဂ္ဂိုလ်များမှာ-

၁။ အမိ (အမေ)

၂။ အဖ (အဖေ)
၃။ ဗုဒ္ဓ (ဘုရား)
၄။ သာဝက (ဘုရားတပည့်များ) ဟု သိရပေသည်။

အမိအဖကို ကြည့်ပါက ဘုရားနှင့် တစ်ဂိုဏ်းတည်း တပည့်သာဝက ရဟန်းသံဃာတော်များဆိုပါကလည်း ဘုရားနှင့် တစ်ဂိုဏ်းတည်း။ အချို့သည် ကိုယ်လိုရာဆွဲ ပြစ်မှားနေကြသည်။ အမိအဖတို့၏ အဆုံးအမကို မနာခံလိုကြပေ။ ငယ်သည် ရွယ်တူဟု ဆိုကာ ရဟန်းသံဃာတော်များကို သတိမမူပဲ ဆဲရေးတိုင်းထွာ ကျေးနုးကန်းသော ပုဂ္ဂိုလ်ဟု ပြီးစလွယ် စွပ်စွဲတတ်ကြသေး၏။

ထိုပုဂ္ဂိုလ်များသည် ဘုရားကို ပြစ်မှားသည်နှင့် တူလှပေ၏။ အပြစ်ဒဏ်ကို ကြီးစွာ ခံရဘိတော့မည်။ ပစ္စုပ္ပန်အချိန်ကာလတွင် ခေါင်းကိုက်၊ လေဖြတ် စသည့် ရောဂါဆိုး လျှပ်တစ်ပျက် ပေါ်လာနိုင်၏။ ဦးခေါင်း မကြည်လင်ပဲ ဖြစ်နေတတ်၏။ ကားတိုက်, သစ်ပင်ပိ အစရှိသည့် ဥပ္ပဒ္ဒဝေဒက ကံဖြင့် သေကြေ ပျက်စီးရတတ်၏။ နောင်သော်–အပါယ်လေးပါးသို့ ကျရောက်ရာ၏။

မိဘ–မိခင် ဖခင်တို့သည် သားသမီးများနှင့် အနီးကပ် နေထိုင်ရသည့် ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

မိဘများသည် သားကောင်းသမီးမြတ်များနှင့် ဆုံရကြွ ရပါကလည်း အရင်ဦးစွာ သားကောင်း သမီးမြတ်တို့ ၏ အပြုစုအယုယ ကျွေးမွေးမှု စောင့်ရှောက်မှုကို ခံစားကြရပေသည်။ နှစ်ဦးနှစ်ဖက် ကျေးဇူးကြီးပေ၏။ သို့တည်းမဟုတ်ပါပဲ သားဆိုးသမီးမိုက်များနှင့် ဆုံရ ကြွရပါကလည်း ပထမဦးဆုံးပင် သားဆိုးသမီးမိုက်များ ၏ အဆဲအဆို အကြိမ်းအမောင်းပြောဆို ဆက်ဆံမှုကို ခံစားကြရပေ၏။

အချို့သားသမီးများသည် မိဘများ၏ ဆုံးမ ပြောဆိုမှုကို မဆိုထားနှင့် တားမြစ်ဆုံးမလိုမှု အကြည့် ဖြင့် ကြည့်လျှင်သော်မှ မခံလိုကြ အာခံလိုကြပေ၏။ ထိုမျှမက ရန်သူလို သဘောထားကာ ဆဲဆိုမှုကိုပင် မကြောက်မရွံ့ ပြုကြပေသေး၏။ ဤသားသမီးဆိုး များသည် ဘဝတစ်လျှောက်ဆိုးကျိုးများနှင့်သာ ကြွတွေ့ ရပေ၏။ ကောင်းကျိုးနှင့်ဝေးသည်ထက် ဝေးမည်မှာ မလွဲဧကန်ပင်ဖြစ်၏။

မိဘကို ပြစ်မှားမှုသည့် ပုဂ္ဂိုလ်သည် တွေ့ရာ သင်္ချိုင်း ဓားမဆိုင်းတော့ပေ။ ရဟန်းသံဃာတော်များ ကိုလည်း ပြစ်မှားရဲလာတော့၏။ ဆဲဆိုမှုသည် သူ့ အတွက် ဝန်မလေးတော့ပေ။ ရဟန်း သံဃာတော်ကို မလေးစား မရိုသေသည့် ပုဂ္ဂိုလ်သည် ဘုရားအပေါ်မှာ

အယုံအကြည် မရှိတော့ချေ။ ဘုရားကို ပြစ်မှားမှုဖြင့် ဘုရားရုပ်တုတော်များ ခိုးရောင်းသည်အထိ ရိုင်းစိုင်းလာလေသည်။

ထိုပုဂ္ဂိုလ်များရဲ့ ဘဝကိုတော့ မတွေးဝံ့၊ မတွေးသာပါတော့ချေ။ ထို့ကြောင့်လည်း ဗုဒ္ဓက လူတော်လူကောင်း၊ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်သည် **"ငါဘုရားလက်သည်းတင်ပြ မြေမှုန့်မျှသာ"** တဲ့ အပါယ်သတ္တဝါလူဆိုး သခိုး ဒုစရိုက်သမားများကြတော့ **"မဟာပထဝီမြေကြီးအမျှ"** တဲ့ ရေတွက်တိုင်းတာ၍ မရလောက်အောင် ကွဟာပေ၏။

တန်ခိုးကြီးနှင့် တန်ခိုးနည်း– တန်ခိုးနည်းကများ၊ အကောင်းနှင့်အဆိုး–အဆိုးကသာ၊ အကြံုးဝင်နှင့် အကြံုးမဝင်– အကြံုးမဝင်ကပိုများ၊ တန်ကြေးရှိနှင့် တန်ကြေးမဲ့– တန်ကြေးမဲ့က လွန်စွာ များပါပေ၏။ ထိုမညီညာမှုကို–

၁။ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ– ပစ္စေကဗုဒ္ဓက များ

၂။ နတ်နှင့်လူ– လူက ပို၍များ

၃။ လူနှင့် တိရစ္ဆာန်– တိရစ္ဆာန်က ပို၍များ

၄။ တန်းကြေးရှိ တိရစ္ဆာန်နှင့် တန်ကြေးမဲ့ တိရစ္ဆာန်– တန်ကြေးမဲ့ တိရစ္ဆာန်က ပို၍ များ၏။

ဘုရားနှင့် တစ်ဂိုဏ်းတည်း တည်ရှိနေသည့် မိဘကျေးဇူးကိုလည်း သိသူနှင့် မသိသူ– မသိသူက ပို၍ များပြား၏။ ကျေးဇူးသိ၍ ကျေးဇူးပြန်ဆပ်သူနှင့် ကျေးဇူးသိ၍ ကျေးဇူးပြန်မဆပ်သူ– ကျေးဇူး ပြန်မဆပ်နိုင်ကြသူက ပို၍များ၏။ နည်းပါးလှသည့် ကျေးဇူးဆပ်သမား သားသမီးများထဲမှ အောင်မြင်စွာ မိဘကျေးဇူးကို ဆပ်ဆဲဆပ်လတ္တံ့ နောင်လည်းဆပ်နေဦးမည့် သားကောင်း တစ်ယောက်, သမီးမြတ်တစ်ယောက် ဖြစ်ဖို့က ပို၍ ခဲယဉ်းပေးတော့၏။

*    *    *

# ဘဝသံသရာ ကြောက်စရာ

အသက် ၉ နှစ် ဆိုတာ လောကရေးရာ အကြောင်းများစွာတို့ကို မသိရှိသေးငြားသော်လည်း မိုးစင်စင်လင်းတာနှင့် တစ်ပြိုင်တည်း...

"ကြီးကြီး...ဆန်ချေးပါဦး၊ တစ်ပြည်လောက်"

"ဟေး... မရှိဘူးဟေ့၊ ဒင်းတို့ မိသားစုကတော့ စံပဲ၊ အလုပ်ကြတော့ အကုန်ပျင်းကျ၊ ထမင်းကျတော့ စားချင်သကိုး အငတ်သာနေကြဟေ့"

ကျွန်တော်သည် ခေါင်းကုတ်ပြီး အသာအယာ ကြီးကြီး အိမ်ပေါ်မှ ဆင်းလာရပါတော့သည်။ အိမ်ရောက် ပြီဆိုတာနှင့် အမေမှာ ဆီးကြို၍–

"ငါ့သား... ရခဲ့လား"

"မရခဲ့ဘူးအမေရေ၊ သူတို့လဲ တကယ်မရှိလို့နေမှာပါ အမေရယ်"

ကျွန်တော့်မှာ ကြီးကြီး ပြောဆိုသည့်အတိုင်း အမေ့ကို မပြောမိရန် အထူးပင် အောင့်အီးခဲ့ရပါ၏။ အပြေပြစ်ဆုံးစကားဖြင့် အမေ့ကို အဖြေပေးခဲ့ရပါပြီ။ သို့သော် ကြီးကြီးစကားကို ကျွန်တော် မတော်လှန်နိုင်ခဲ့ပြားလည်း အဖေနှင့် အမေမသိအောင် ကျိတ်မှိတ်၍သာ ငိုခဲ့ရပါတော့သည်။

ထိုစဉ်က ကျွန်တော့်မှာ မိဘနှစ်ပါးနှင့် ညီငယ်နှစ်ယောက် ညီမငယ်တစ်ယောက် ပေါင်းငါးယောက်ကို ထမင်းဖြစ်ရန် ဆန် ဘယ်လိုရှာပေးရပါ့မလဲ...ဟု စဉ်းစားရင်း ငါးမျှားတန် ငါးပစ်သံချောင်း ပိုက်ကွန်တို့ကို ယူဆောင်ကာ ချောင်းကြို မြောင်းကြားသို့ ထွက်လာခဲ့ပါတော့သည်။

ဦးတည်ချက်က ကောင်း၍ပဲလား၊ အကုသိုလ်နှင့်ပဲ အကျိုးပေးသည်လား ကျွန်တော် မပြောတတ်ပါ။ တစ်နာရီအတွင်းမှာပင် တစ်ပိဿာမပြည့်တတ်ပြားလည်း ပြည့်လုနီးပါး ရခဲ့ပါ၏။ ကျွန်တော့်မှာ အားရဝမ်းသာဖြင့် အမေ့ထံ ကဆုန်ပေါက် ပြေးခဲ့ပါလေတော့သည်။

အိမ်ရောက်ပြီဆိုသည်နှင့်–

"အမေ"

"ငါ့သား... ကိုလင်း"

"ရော့အမေ... ဒီငါးတွေရောင်းပြီး ဆန်ဝယ် ချက်စားကြပါ"

ကျွန်တော်သည် မှိုင်တွေကျနေတဲ့ အမေ့ရုပ်ရည်ကို ကြည့်ကာ ရသမျှငါးများကို ပေးအပ်ပြီး သူငယ်ချင်းအိမ်ရှိရာဖက်သို့ ထွက်လာခဲ့ပါသည်။ လမ်းတလျှောက်မှာ အတွေးလုံးမှ ရှည်လျားသည့်အစ ထွက်လာခဲ့ရပါတော့သည်။

"အင်း– ငါထွက်လာတာ မှန်တယ်၊ ငါးမှ တစ်ဆင့်ဖြစ်ပေါ်လာမည့် ထမင်းသည် ငါဝင်စားပါက လောက်ငမည်မထင်၊ အမေစားပါစေ၊ အဖေစားပါစေ၊ ညီ၊ ညီမများ စားပါစေတော့"

"ဟော့... ကိုလင်း"

"ဟာ... ကိုဖြိုး... စားပြီးပြီလား"

"ဟော့အေး၊ မစားရသေးဘူး။ လာလာ မင်းနဲ့မှ အတူတူစားမယ်"

ကျွန်တော့်အတွက် အစစအရာရာ အဆင်ပြေခဲ့ပါသည်။ မိဘအတွက် ငါးသွားရှာ ငါးတွေရ၊ ထမင်းဆာ၍ အိမ်ကထွက်လာ ထမင်းခေါ်ကျွေးကြပါ၏။

"ဟာ– ကိုဖြိုး၊ ဟင်းတွေက စုံလှချည်းလား"

"အေး–စားကွာ၊ အားမနာပါနဲ့၊ ဝအောင်သာစား"

ကျွန်တော်သည် ဖြေဆည်မနိုင်သည့် မျက်ရည်ဥတို့ တွဲခိုနေသည်ကို ကျွန်တော် သတိမထားမိသော်လည်း–

"ဟင်– ကိုလင်း... ဘာဖြစ်လို့ ငိုနေတာလဲ"

"အော်– ကိုဖြိုး... ဘာမှ မဖြစ်ပါဘူး"

ကျွန်တော့်မှာ ဘာမှ မဖြစ်ဟု မုသား သုံးလိုက်မိသော်လည်း အခုမှ ငါးရောင်းထွက်နေမည့် အမေ၊ ထမင်းဆာကြရှာမည့် အဖေနှင့် ညီ၊ ညီမများ တလှည့်ပြီးတလှည့် မျက်နှာများကို မြင်ယောင်မိ၍ စားလို့မဝင်၊ ဆို့တက်မွန်းကြပ်နေသည့် ရင်ထဲက အလုံးကြောင့်ပါ။

ဒီလိုနှင့် ကျွန်တော်သည် ကိုဖြိုးတို့ အိမ်မှာ နေ့လည်စာ စားပြီး ခေတ္တမျှနားရင်း ဆော့ကစားကြ၏။ ထင်းခွဲပေးခြင်း၊ ရေခတ်ပေးခြင်းတို့ကို တာဝန်ကျေအောင် သံသရာအကြွေးမပါအောင် မခိုင်းပဲ ပြုလုပ်ပေးခဲ့ပါသည်။ ထို့ကြောင့်လည်း ကိုဖြိုး မိဘများက သနားချစ်ခင် စိတ်ကောင်းဝင်ရှာကြပါသည်။

* * *

မိုးချုပ်ပြီ၊ အားလုံး အိမ်မောကျနေပေ၏။ ကျွန်တော့်မှာမူ အိပ်မရသေး၊ တောင်တွေး မြောက်တွေးနှင့် အတွေးများ နယ်ချဲ့နေပါတော့သည်။

"တို့မိသားစု အခြေအနေ အတော်ဆိုးနေပါပေါ့လား၊ အဖေသည် ဒုက္ခိတ၊ အမေသည် ကလေးတွေ တစ်သီကြီးနှင့်၊ အစ်ကိုကတော့ အိမ်ထောင်ခွဲသွားပြီလေ...။

ဘာပဲပြောပြော အစ်ကိုကြီးသည် ကံအကောင်းဆုံး၊ ဘာကြောင့်လဲဟု ဆိုပါလျှင် အမေ ခဏခဏ ပြောပြလေ့ရှိတဲ့ သုခစံအိမ်အကြောင်း၊ အခုလို ဒုက္ခခံ အိမ်ဘဝမှာ အမေ့အပြောများဖြင့် ဂုဏ်ယူဝင့်ကြွားခဲ့ရတဲ့ ရက်များက မရေတွက်နိုင်ပါ။

ကျွန်တော်တို့ လူမမယ် ကလေးအရွယ်က အစ်ကိုကြီးက လူပျိုဖြစ်စ ဘာပူစရာရှိမလဲ၊ နွားတိုက်ကြီးနှင့် လယ်၊ ဆန်၊ စပါးကလည်း အလုံအလောက်၊ အမေ့မှာ ပျော်လို့ မော်လို့၊ အဖေ့ကမူ အရပ်လေးမျက်နှာရဲ့ ပင်တိုင်စံ ဧည့်ခံသမားကြီးပေါ့။ ဂုဏ်ထည်လှသည်က အများတကာ အမြင်ကပ်လောက်အောင်ပါပဲ။

အလှူကြီးတွေပေး၊ သာမောဖွယ် မဏ္ဍပ်ထဲမှာ ဟိုလူက အလှူ့ရှင်ကြီး၊ ဒီလူက အလှူ့ရှင်ကတော်ကြီးနှင့် အို– ပျားပန်းခတ်အောင် နှုတ်ဆက်နေကြသည့်

လူတွေ... လူတွေ၊ အဲဒီတုံးကတော့ ဒီကျေးလက်ရွာကလေးရဲ့ မျက်နှာဖုံးဆိုပါက လွန်အံ့မထင်။ ဤမှာဘက်မှ ကုသိုလ်ကို အထူးပင် ဝါသနာကြီးရှာပေ၏။ ဆက်ဆံရေးမှာ အဆင့်အနိမ့်အမြင့် မရွေးချယ်တတ်ကြပေ။

ဆွေတစ်စု မျိုးတစ်စုလုံးကို ထိန်းထားနိုင်တာဘာလဲ...၊ ဆွေတစ်စု မျိုးတစ်စုလုံး၏ စိတ်နှလုံးကို ရွှင်ပြုံးစေတာဘာလဲ...ဟု ဤအချိန် ဤအခါက မတွေးသာခဲ့ကြေးလည်း အခုတော့ တွေးရပါချေပြီ၊ စဉ်းစားရပါလေပြီ၊ အဖေသည် ဒုက္ခိတ၊ အမေသည် သွေးနုသားနု။

ကျဉ်းမြောင်းလှသည့် မိသားစုထဲမှ ကျယ်ဝန်းလှသည့် သမုဒ္ဒရာဝမ်းတထွာအတွက် မည်သူ့အလှည့်နည်း၊ မည်သူ့တာဝန်နည်း၊ မည်သူဆောင်ရွက်သင့်သနည်းဟု တွေးတောရင်း ရင်မောရင်းနဲ့ပဲ ဟော- လင်းကြက်တောင် တွန်ပါပေါ့လား။

* * *

## အသက်ပေးအပ်

### ကျေးဇူးဆပ်မည်

"ဦးဦး... ဦးဖြူဒိုး"

"ဟင်... လေင်း၊ စောစောစီးစီး ဘာတုံးကွ"

"ဟို... ဟိုလေ"

"အို...ပြောမှသာ ပြောစမ်းပါ လေင်းရာ"

"ဟို... ဟို ကျွန်တော်တို့ မိသားစုကို သနားသောအားဖြင့် နွားကျောင်းခ ကြိုတင်ငွေ ခုနှစ်ရက်တပတ်စာလောက် ထုတ်ပေးပါလား ဦးဦးရယ်"

"အေး–အေး ရပါတယ်ကွ"

"ရော့–ရော့ လေင်း၊ ခုနှစ်ရက်စာ နွားကျောင်းခ"

ဦးဦး– ဦးဖြူဒိုးမှာ ရှောရှောရှူရှူပင် ငွေသုံးရာငါးဆယ်ကျပ်ကို ပေးပါ၏။ ကျွန်တော့်မှာ ရရှိသောငွေလေးကို ရင်မှာပိုက်ရင်း ဝမ်းသာမှု၊ ကြည်နူးမှုတွေ ဘယ်သူမြင်နိုင်ပါ့။ ဘယ်သူ သိနိုင်ပါ့။

ဒီငွေသည် အဖေ့ရောဂါ ဆေးကုဖို့ မိသားစု စားသောက်ကြဖို့။

* * *

ဝါဆို ဝါခေါင် မိုးတွေကလဲ သဲလှပါသည်။ ကျွန်တော့်မှာ ခမောက်ပြဲနှင့် မိုးထဲလေထဲ နွားအကောင်သုံးဆယ်ဖြင့် နွားစားကျက် မြက်ခင်းပြင်ရှိရာများဆီသို့ ပြေးရင်း လွှားရင်းနှင့် မမောပန်းနိုင်ပါတော့ချေ။

ဒီကြားထဲ ဘိုနီဆိုသည့် နွားသိုးကြီးမှာ အလွန်ဆိုးသည်။ ကျွန်တော့်အပေါ် သစ္စာမရှိပါ၊ မြောက်ဘက်သို့ ဦးကည်မောင်းပါက တောင်ဘက်သို့ ဒလဟိုးသွားတတ်ပါ၏။ အရှေ့ဘက်ကို မောင်းပါက အနောက်ဘက်သို့ သွားတတ်ပါသေးသည်။

တစ်နေ့သော်– နွားခြံသို့ ပြန်သွင်းရာ ဘိုနီမပါလာတော့၊ ကျွန်တော့်မှာ စိတ်တွေပူ၊ ခေါင်းထူရပါ၏။ အဘယ့်ကြောင့်ဆိုသော် ဘိုနီသည် ဦးဖြူဒိုးရဲ့အချစ်ဆုံးနွား . . .။

မဖြစ်ဘူး၊ မဖြစ်ဘူး ငါ မရ ရအောင်ရှာမှ၊ ဟာ– ညနေခင်း ငါးနာရီနွားသွင်းချိန်တောင် ကျော်လောက်ပြီ၊

မိုးများ သည်းသည်းမဲမဲ ရွာနေသည့်ကြားမှ မိုးချုပ်စ ပြုလာလေတော့ တောအုံတောင်ကြားက

လမ်းသဲ့သဲ့။ မြေနီလမ်းကလေးများမှာ မှုန်ဝါးဝါးဖြစ်နေပြီ တစ်ခါတစ်ရံ ချုံကြိုချုံကြား တိုးရှိရသည်က ရှိသေး၏။

ဆူးခြောင့်ဆိုတာ ကျွန်တော့်ရဲ့ မိတ်ဆွေဖြစ်နေပါပြီ။ ဒီထက်ဆိုးတာက ချောက်ကြို မြောင်ကြား ဖင်ဒရွတ်တိုက် ကျဆင်းသည်က ရှိသေး၏။ ထိုသို့ဖြစ်နေစဉ်များမှာတော့ ကိုယ့်အသက်ကို အဆုံးသတ်ထားရ၏။ အောက်ရောက်၍ သစ်တုံးကျောက်ဆောင်များနှင့် ဆောင့်မိပါက မေ့သွားသည်အထိ ခံစားရဘိ၏။

ဤသို့ ခန္ဓာကိုယ်ကို အရင်းနှီးပြု၍ ရှာပါသော်လည်း ဘိုနီကို မတွေ့ရသေး။ ညခင်းကို အကာအကွယ်ယူတတ်သည့် တောကောင်တို့၏ အသံဗလံကြီးများ ရံဖန်ရံခါ ကြားရသည့်အခါ အသည်းတုန်အောင် ကြောက်မိပါသည်။ အားလုံးရဲ့ ပတ်ဝန်းကျင်အသံကို မေ့ပျောက်ထားနိုင်သည့်အခါ ဆတ်ဆတ်တုန်အောင် ချမ်းအေးနေသည့် ခန္ဓာကိုယ်ကို သတိပြုမိလာသည်။ သွားနှစ်စုံတို့၏ ရိုက်ခတ်သံသည် ပို၍ပို၍ ကြားရပါသည်။ ဒီအချိန်မှာ အနွေးခံတတ်ရယ်လို့ ဘယ်မမြင်။

အချိန်နာရီသည် ဘယ်မျှရှိမည်ဟု မသိနိုင်ပြားလည်း မိုးလုံးလုံး မှောင်သွားသည်က သေချာသည်။ သစ်ပင်များကို တစ်ပင်ချင်း ခွဲခြား၍ မမြင်ရတော့ပေ၊

မည်းမည်းအရိပ်သာ မြင်ရပါတော့သည်။ ဒီအခိုက်မှာ မြင့်မတ်စောက်ပေ့ဆိုသည့် တောင်ပါးရံကို လက်ချောင်းများ ခြေချောင်းများဖြင့် ကုတ်ဖဲ့၍ သားကောင်ပမာ တက်ရ၏။ မိုးရေနှင့် ရွှဲနေသည့် ရွှံ့များဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ပေကျံနေသော်လည်း ဖွဲ့သည် မလျော့၊ မတွေ့တွေ့အောင် ရှာရဦးမည်။

စိတ်မှာ ပြင်းထန်ပါသော်လည်း ခန္ဓာကိုယ်မှာ ဒယိမ်းဒယိုင်၊ ခြေလှမ်းကိုသော်မှ မလှမ်းချင်တော့၊ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေခွေနှင့် မြေပေါ်သို့ ယိုင်လဲသွားသည်အထိ သတိထားမိပါသေးသည်။ မေ့မျောသွားလိုက် သတိရလိုက်နှင့် သတိဝင်လာသောအခါမှာတော့ အဖေ အမေနှင့် ညီ ညီမများကို မျှော်မှန်း တမ်းတရင်း... ကျွန်တော်...။

* * *

"အစ်ကို... အစ်ကို"

"ဘာလဲ မမြှောင်ရဲ့"

"သားလေး ကိုလင်းအခုထိ ပေါ်မလာသေးပါလား၊ ည ၈- နာရီထိုးပြီ"

"အေး... အေး ဒါဆို ငါဖြေးဖြေးလျှောက်ရင်း ဦးဖြူဒီးအိမ် သွားမေးဦးမယ်"

"ဘာဘာ ဦးဖြူဒီး"

"ဟေး– မောင်တောင် ဘာတုံးကွ"

"ကျွန်တော့်သား ကိုလင်း မရောက်သေးဘူး လား"

"အေး– မရောက်သေးဘူးကွ၊ နွားများတော့ စုံပြီ၊ ဒါနဲ့ အခြားနွားတွေတော့ စောစောရောက်ပြီး၊ ဘိုနီတော့ ခုနစ်နာရီလောက်မှ ရောက်တယ်။"

"အင်း– ဒုက္ခပဲဗျာ"

"ကိုလင်း ငါ့သား ဘာမှမဖြစ်ပါစေနဲ့၊ ဘုရား... ဘုရား..."

"ဒုက္ခပဲ ကိုတောင်ရယ်"

မိခင်ဖြစ်သူမှာ မျက်ရည်နှင့် မျက်ခွက်။

ညိုနှစ်ယောက်မှာ ရေနံဆီမီးခွက် ရှေ့ထိုင်ရင်း အစ်ကိုဖြစ်သူ ကိုလင်း ပေါ်လာနိုးကို မျှော်ကိုးရင်းဖြင့် စောင့်စားနေကြ၏။

ညိုမငယ်လေးမှာတော့ စကားမပြောတတ်ရှာ သော်လည်း သူ၏ အမူအရာလေးမှာ... တစ်ယောက် ယောက်ရှာနေသည့်အလား...။

* * *

"ဟော– ဟိုအရှေ့မှာ၊ ဟိုအရှေ့မှာ ရွံ့များ အလိမ်းလိမ်းနှင့် ဘာကောင်တုံးကွ"

"ဟော့ကောင် ငပေ၊ နေဦးကွ၊ မီးတုတ်နှင့်

သေချာကြည့်ပါဦး"

"အေးပါကွ၊ ငတေရ"

ဒီလိုဖြင့် သားကောင် ရှာဖွေကြသည့် မုဆိုး ငပေနှင့် ငတေတို့မှာ မီးတုတ်များဖြင့် အသေအချာ ကြည့်ကြပါသည်။ ပါလာသည့် တောလိုက်ခွေးများ ကတော့ တဟဲဟဲနှင့် ကိုက်ဝါးတော့မည့်အလား...။ ငတေမှာ ခွေးများကို စိတ်မရှည်တော့၊ အဝေးသို့ သွားအောင် မောင်းထုတ်လိုက်ရ၏။

"ဟင်- ငပေ"

"ဘာလဲ ငတေရ"

"ဟာ- လူ- လူကလေးကွ"

"ဟုတ်ပါတယ်၊ လူမှ လူအစစ်ပါ၊ ကိုးနှစ် ဆယ်နှစ်လောက်ရှိမယ်ထင်တယ်"

"ဒါဆို ဒို့ ဒီကလေးရဲ့ အသက်ကို ကယ်ကြ တာပေါ့"

ငတေနှင့် ငပေ တောလိုက်မုဆိုးကြီးများမှာ တစ်ဦးက ပွေ့ချီ၊ တစ်ယောက်က မီးတုတ်ဖြင့် လမ်းပြ ကာ သူတို့ နေထိုင်ရာ တဲဆီသို့ ခေါ်ဆောင်သွားကြပါ တော့သည်။

"ဟူး"

"ဟား"

"မောလိုက်တာကွာ"

"ငတေ အသက်ရှိသေးလား၊ ကြည့်ပါဦး"

"ငပေရေ အသက်ရှိသေးတယ်ကွ"

"ဒါဆို ဒီကလေး အင်္ကျီအဝတ်အစား အစိုတွေကို ချွတ်ကွာ၊ ရော့ ငါ့ ခယောက်နဲ့ ပတ်ထား၊ ပြီးရင် မီးပုံအနားမှာ ထားရအောင်၊ ဒါမှ အအေးသက်သာမှာကွ"

ငတေမှာ ပြောပြောဆိုဆို သူ၏ ခယောက်ကို ချွတ်ပေးပြီးလျှင် သစ်ကိုင်းခြောက်များ ဆွဲယူကာ မီးရှို့တော့၏။ ငပေမှာလည်း ဆန်စေ့များကို အသားစိမ်းများနှင့် ရောမွှေကာ ဝါးကျီတောက်ထဲထည့်, မီးမှာမြိုက်လို့ ကျိုတော့၏။

"ဟေ့-ငပေ"

"ဘာလဲကွ၊ ငတေရ မအော်ပါနဲ့ ကလေးနိုးမယ်"

"ဟော-ငတေ လှုပ်-လှုပ်လာပြီ၊ ဒီ-ဒီမှာ လူကလေး လှုပ်လာပြီ"

"ဟင်- ငါဘယ်ကို ရောက်နေပါလိမ့်၊ လူကြီးနှစ်ယောက် ရုပ်ရည်များက ကြမ်းတမ်းခက်တရော် ရှိလိုက်တာ၊ ပြီးတော့လည်း ဖင်တုံးကြီးများက ပေါ်လို့၊ အရှေ့ပိုင်းလေးသာ ဖုံးလွှမ်းထားပါလား . . .၊ ပြီးတော့

သူတို့နှစ်ယောက် ဗမာလို မပြောကြ၊ ဘာစကား၊ ဘာ- ဘာသာလဲ မသိ…”

အနည်းငယ်ကြာသော် ကျွန်တော့်မှာ ဝမ်းနည်းဆို့တက်လာသည်နှင့် အစွမ်းကုန်အော်၍-၊

“ဟီး… ဟီး… ဟီး… အမေရေ… အဖေရေ ကယ်ကြပါဦး”

“ဟင်- ဟင်… ငိုရဘူး၊ ငိုရဘူး”

“ရော့ရော့ စားပါ၊ စားပါ”

ချော့မော့သံကြားရပြန်တော့ အန္တရာယ်မရှိကြောင်းကို သိသောကြောင့် အငိုတိတ်ကာ သူတို့ကျွေးသော ဝါးလုံးနှင့် ကျို၊ ဝါးလုံးနှင့်သောက်ရသည့် သားပြွမ်းဆန်ပြုတ်ကို စားရင်း သောက်ရင်း သူတို့မျက်နှာကို တစ်ယောက်ပြီးတစ်ယောက် ကြည့်မိပါတော့သည်။ ထိုလူကြီးများမှာ ပြုံးလို့ ရယ်လို့။

စားပြီး အားအင်ရှိလာသောအခါ…

“ဦးဦး- ဦးကြီး သားကို ပြန်ပို့ပေးပါ”

“ဟင်- သိဘူး၊ သိဘူး”

“ကျွန်တော်က ရောက်တောင်ရွာကပါ”

ပြောပြောဆိုဆို စကားရပ်သွားသည် ကြားဘူးနေဟန်ဖြင့် စဉ်းစားနေသည်။ အတော်ကြာမှာ-

“ဟင်- ရောက်တောင်ကို”

ပြောပြောဆိုဆို ရပ်တန့် သွားပြန်သည်။ လက်ပေါ် ခေါင်းတင်ပြပြီး လက်နှစ်ဘက်ကို ဆန့်တန်းပြပါသည်။ အဓိပ္ပာယ်မှာ လမ်းတညအိပ်ရသည်ထိ ကြာတယ်ဟု ဆိုလိုပေသည်။

ကျွန်တော်မှာ–

"ဟင်အင်း ပြန်မယ်၊ ပြန်မယ်" ဟု ကလေး ပီပီ အော်လိုက်ပါသည်။

ဒီအခါမှ တစ်ယောက်က မီးတုတ်အစည်းကြီးကို ထမ်း၊ တစ်ယောက်က လေးမြှား၊ ဒူးလေးကိုကိုင်ကာ ခွေးများကို ခေါ်ပြီး ထွက်ခဲ့ပါသည်။

ရွာသို့သွားရာ လမ်းကြောင်းကို မှုံရည်ငွေ့ငွေ့ တွေ့မြင်ရသည်။ တောင်လုံးကြီး တောင်စွယ်အထိ လိုက်ပို့ကြပါသည်။ ကျွန်တော့်မှာ အားရဝမ်းသာစွာဖြင့် အမေ့ဆီသို့ အဖေဆီသို့ ညီ ညီမများဆီသို့၊ ပုဆိုးကို စလွယ်သိုင်းကာ . . .။

* * *

## ဂုဏ်ယူဝင့်ကြွား

### ကျေးဇူးဆပ်သမား

"ကိုင်း... မယ်မြှောင်ရေ၊ ဒီနေ့ မရောက်လာရင်တော့ ရွာလူကြီးကို တိုင်ပြီး ရှာဖွေမှ ရတော့မယ်"

"အမြန် စိစဉ်ပါ၊ ကိုတောင်ရယ်"

"မပူပါနဲ့ မယ်မြှောင်၊ ဦးကြုံကြာထံမှာ ဗေဒင်မေးကြည့်ဒါတော့ ဒီညတွင်း ရောက်မည့်တဲ့"

"အင်- ဗေဒင်ကိုချည်း မယုံပါနဲ့ဦး၊ မနေ့ကညနေက ပျောက်သွားတာ ဒီနေ့ညနေဆို တစ်ရက်လုံးလုံး ပြည့်ပြီး ကိုတောင်ရဲ့"

"အေးပါ ဒီညအထိတော့ စောင့်ကြည့်တာပေါ့"

မိခင်ဖြစ်သူမှာ အိမ်တွင် မနေတတ်၊ စိတ်ဂနာ မငြိမ် သွေးပူ သားပူဖြင့် ရွာရိုးကိုးခေါက် လျှောက်နေရ ပါပြီ...။

*  *  *

"အမေရေ"

အော်ပြီး အိမ်ပေါ်သို့ ပြေးတက်လာသည့် ကိုလင်း...၊

"အမယ်လေး ငါ့သားကြီး မသေကောင်း မပျောက်ကောင်းနော်"

မိသားစုအားလုံး အားရဝမ်းသာကြ၏။ ဖက်၍ ဖက်၍ ဝမ်းသာအားရ ငိုယိုကြပါတော့သည်။

ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ ကယ် ဆယ်ကြသော ဦးကြီးများမှာ ချင်းအမျိုးသား အစစ် တွေတဲ့...။

"ကျေးဇူးပဲ ဦးဦးတို့ရယ်..." နွားရှာရင်း ရောက် သည်က ရွာနှင့် ခြောက်မိုင်ကျော် မြင်းကုမ္မေတောင်၊ ဒီတောင်ရဲ့ ဟိုဘက်မှာ ကြက်မောက်တောင်၊ အဲဒီ ကြက်မောက်တောင်ကို ဝန်းရံခနေသည်က အလောင်း

တောင်ရယ်၊ လိပ်တောင်ရယ်၊ ငရုတ်တောင်ရယ်၊ တစ်ဆက်တည်း ရှိနေသည်က ရောက်တောင်ကြီးနှင့် ဇော်ဂျီတောင်၊ အဲဒီတောင်တန်းများသည် ရခိုင်ရိုးမကြီး နှင့် ဆက်သွယ်နေပေ၏–တဲ့။

ကျားရဲ တိရစ္ဆာန်များ အလွန်ပေါများ၏။ တောကြမ်း၍ ဘယ်သူမှ မသွားရဲကြ။ အဲဒီတောတောင်ဝန်းကျင်မှ ကျက်စားနေကြသည်က ချင်းအရိုင်း မုဆိုးများဆိုဘဲ . . .။

“ငါမသေတာ ကံကောင်းတာပဲ ကိုဖြိုး”

“အေးကွာ . . .ငါလည်း အံ့သြနေတာ၊ နောက်နွားမကျောင်းနဲ့တော့ကွာ၊ ငါနဲ့အတူ ပျိုးနုတ်အငှား လိုက်ရအောင်”

ဟုတ်ပ၊ မိုးတွင်းဆိုပါက ပျိုးနုတ်လိုသူတို့က ပျိုးတစ်စည်းကို ငါးကျပ်ဖြင့် ငှားကြ၏။ ကျွန်တော့်အတွက် အလုပ်မရှားသရွေ့ ကျွန်တော့်မိဘများ ညီညီမများ ဟင်းမရှိသော်လည်း နပ်မှန်အောင် ထမင်းစားရသေး၏။

“ကိုလင်း နုတ်ကွာ၊ ပျိုးချီးတော့ စင်အောင်လုပ်နော်၊ ပျိုးချီးစင်မှ နောက်ကို ပိုင်ရှင်က ငှားချင်ကြမှာ”

ကိုဖြိုးပြောမှ သတိထားမိလေသည်။ ပျိုးနုတ်ခြင်းသည် လွယ်ကူလှသည်တော့ မဟုတ်ပါ။ ဒူးတစ်ဖက်ကို သမန်းထဲမှာ နစ်ပြီး သမန်းထဲမှာ ထိုင်လျက်အနေအထားဖြင့် နုတ်ရပါသည်။ ဘယ်ညာလက်အစုံဖြင့် အထက်သို့ပါလာအောင် ပျိုးပင်ကို နုတ်၊ ညာလက်သည် ပျိုးပင်မြေမှ ကျွတ်သည်နှင့် တစ်ပြိုင်နက်တည်း ကပ်ပါလာသည့် ပျိုးချေး (ရွှံ့စေး) များကို သပ်ချရှင်းလင်းအပြီးဖြစ်ရပါသည်။ ပြီးလျှင် တစ်ပေပတ်လည် ပျိုးစည်းများကို ဝါးနှီးဖြင့် စည်းရပါသေးသည်။

ဒီအချိန်မှာ ရွှံ့သမန်းထဲ၌ ဇိမ်ခံဆိုဖာကဲ့သို့ ပဲ့ပဲ့ရွှဲရွှဲ့ထိုင်၍ အလုပ်လုပ်ရငြားလည်း နေကျစ်ကျစ်တောက်အောင် ပူချင်ပူလာ၏။ အဲဒီအခါ နေပူထဲမှာပေါ့...၊ လယ်ကွင်းဆိုတာက အမိုးအကာ ဘယ်ရှိပါ့မလဲ၊ တစ်ခါတစ်ရံ မိုးသည် တစ်အုန်းအုန်းရွာချလာ၏။ ထိုအခါမှာတော့ မိုးရွာထဲမှာပါ။

အချိန်တွေ ဘယ်လောက် ကြာသွားပြီလည်း၊ နံနက်စာ ထမင်းစားပြီးတာနဲ့ အလုပ်ခွင်တန်းဆင်းရ၏။ ညနေ (၅) နာရီကျော်သော် အလုပ်သိမ်းကြပါသည်။ ကြိုးစား၍ ရရှိခဲ့သော ပျိုးစည်းများကို ကြည့်ရင်းကျွန်တော် အဖေ အမေနှင့် ညီ ညီမများအတွက်မို့

မိုးလုံးထိ ဝမ်းသာမှု ပီတိများ မြင့်မားခဲ့ရပါချေပြီ . . .။

ဘဝတူ ပျိုးနုတ်သမားများကလည်း အသက်အငယ်ဆုံး ပျိုးစည်းအများဆုံးနှင့် ငွေအများဆုံးရတာကြောင့် ဘဝသမားလေး ကျွန်တော့်ကို အားပေးကြ၊ ချီးမြှောက်ကြနှင့် ကျွန်တော် မိဘကျေးဇူးဆပ်ဖို့ ရှာဖွေနေရသည်ကိုပင် အလွန်ကျေနပ် အလွန်နှစ်သိမ့်မိပါတော့သည်။

* * *

ညခင်း ထမင်းစားသောက်ပြီးသော်လည်း ရွယ်တူလူငယ်လေးများလို သနပ်ခါး ဖွံနေအောင် လိမ်းပြီး ရွာရိုးလျှောက် ဆော့ကစားခြင်းများ မပြုနိုင်အားပါ။ ညဘက်တွင် ငါးမြီးခုတ်သွားမည့် လူကြီးများထံ ချဉ်းကပ်ရပါသည်။ ထိုလူကြီးများ အလိုတူ သဘောကျပါက မီးစည်းထမ်းပေးရပါသည်။

မီးစည်းထမ်းသမားဆိုတာ ဝါးအချောက်များကို နှစ်တောင်ပတ်လည် အရှည်ငါးတောင်ခန့်ကို မီးရှို့ပြီး ပုခုံးနှစ်ဖက် တစ်လှည့်စီထမ်းရင်း မီးလိုက်ပြရခြင်းပါ။ ငါးများနေတတ်ရာ ချောင်းကျိုမြောင်းကြား လှည့်လည်ရပါသည်။ ငါးများကို တွေ့မြင်ပါက ကျွန်တော်က မီးဖြင့်ပြရပါသည်။ ထိုအခါ - မီးအလင်းကို ကြည့်မိသော

ငါးများမှာ နေရာမှ မပြေးနိုင်ပဲရှိနေခိုက် တစ်ဦးက ဓားဖြင့် ခုတ်ရပါသည်။ နောက်တစ်ဦးက ထိုငါးသေကို ကောက်ယူရပါသည်။

ဤကဲ့သို့ ငါးမီးခုတ်လုပ်ငန်းမှာ သုံးဦး အလုပ်လုပ်ရသည့်အနက် မီးစည်းထမ်း ကျွန်တော့်နေရာသည် လွယ်ကူလှသည်မဟုတ်၊ ပုခုံးများ မီးအပူဖြင့် ဖူးဖူးရောင်စေခဲ့ပါသည်။ ကြာသော် နွားပခုံးထရောဂါ (ဌတ်စွဲရောဂါ) ကပ်ရောက်တတ်ပါသေး၏။

* * *

ခုလို မိသားစုစားဖို့ ရှာဖွေရသည့်ကြားက ဖြေထားသည် တတိယတန်း စာမေးပွဲ အောင်မြင်ပါပြီ။ ဤအချိန်မှာ-- အရွယ်နှင့်မမျှအောင် စဉ်းစားရ ချင့်ချိန်ရ တွေးတောရပါပြီ။ ပညာရေးကို ဦးစားပေးရပါမည်လား။ မိဘရေးကို ဦးစားပေးရပါမည်လား . . .။

ကျွန်တော် ခေါင်းအေးအေးထား ဆုံးဖြတ်ရင်း ကျေးရူးရှင် ဆရာမကို သွားရောက် ကန်တော့ရပါသည်။ အများတကာလို ကန်တော့စရာပစ္စည်းပစ္စယာ မပါသော်ငြားလည်း ကျွန်တော့်မှာ စေတနာတွေ အပြည့်၊ ဂါရဝတရားတွေ အလျှံ၊ မေတ္တာတွေ တနင့်တပိုးနဲ့ပါ။

"ကိုလင်း"

"ခင်ဗျာ–ဆရာမ"

"ကိုလင်း စတုတ္ထတန်းကို ဆက်ဆက်တက်ရမယ်နော်"

"(တုန်ရီနေသောအသံဖြင့်) ဆရာမ ကျွန်တော်လေ ကျောင်းဆက်၍ မတက်နိုင်တာမို့ အပြီး နှုတ်ထွက်စာလာတင်တာပါ"

(အံ့ဩဟန်ဖြင့်) ဟယ်– ကိုလင်း အဖေအမေရှိတာပဲ၊ ဘာဖြစ်လို့လဲ"

"(ရိုကျိုးစွာဖြင့်) ဟုတ်ကဲ့ပါဆရာမ၊ ကျွန်တော့်ရဲ့ အဖေမှာ မြွေပွေးသုံးကြိမ် အကိုက်ခံရလို့ မသေတာကလွဲရင် ဘာမှ မလုပ်ကိုင်နိုင်တော့ပါ။ အမေကလည်း ကလေးတွေ တစ်သိကြီးနဲ့ပါ၊ လုပ်ငန်းခွင်ဝင်ပြီး ဘာအလုပ်မှ မလုပ်နိုင်ပါ"

"(စိတ်မာန်လျော့စွာ) အေးကွယ်... မိသားစုစားဝတ်နေရေးမှ အဆင်မပြေပဲ၊ ဆရာမပဲ လက်လျှော့လိုက်ပါတယ်ကွယ်၊ ဒါနဲ့ ကိုလင်း..."

"ဗျာ– ဆရာမ"

"မိဘကျေးဇူးကို ကျေပြွန်အောင်ဆပ်၊ ကံငါးပါးကို လုံခြုံအောင်ထိန်းနော်၊ လိုအပ်တာရှိလဲ ဆရာမထံ

အကူအညီတောင်းနိုင်တယ်”

“ဟုတ်ကဲ့ပါ ဆရာမ”

ဆရာမသည် မပြည့်စုံသည့် တပည့်တစ်ဦး အတွက် ပတ္တမြားတစ်လုံး ကျပျောက်ဆုံးဘိသကဲ့သို့ ငိုချင်းချက်မ သက်သေပြခဲ့သလို ကျွန်တော့်မှာလည်း ရှိုက်ကြီးတငင် အော်၍ အော်၍ ငိုပစ်မိပါတော့သည်။

ဆရာမ၏ မျက်ရည်စက်သည် ပညာရေးအတွက် ကပ်ကြီးဆိုက်ရောက်ပြားလည်း မိဘကျေးဇူးဆပ်ဖို့ အတွက် လာဘ်ကြီးထိုက်နေပြီဖြစ်သည့် တပည့်အတွက် ဂုဏ်ယူဝင့်ကြွားစွာ ကျဆင်းလာသည့် မျက်ရည်တွေ ပါတည်း...။

* * *

# အမေရိုက်လည်း
# မမှိုက်ခဲ့ပါ

နံနက် အာရုံကျင်း အလင်းရောက်သည်နှင့် ကျောင်းတက်ရန် ပြင်ဆင်ကြ၊ လူစုကြနှင့် ငယ်ဖော်များကို ကြည့်ရင်းဖြင့် ရင်မောခဲ့ရသည်က ကျွန်တော့်ဘဝ အကြောင်း...။ မှတ်မှတ်ရရ ငါကျောင်းမှ ထွက်သည့်နှစ်သည် အသက် (၁၂) နှစ်ပြည့်ပြီ။ အသက် (၁၂)နှစ် ဆိုတာ တကယ့်ကလေးပဲ...။

အခုတော့ အတွေးအခေါ်တွေကလည်း ကြမ်းကြမ်းတမ်းတမ်း တွေးခေါ်ရသည်။ အလုပ်ကလည်း ကြမ်းကြမ်းတမ်းတမ်း လုပ်နေရပါသည်။ အဲဒီတော့ ဘဝကြမ်းတော့ ရုပ်ကိုယ်သည်လည်း မကြမ်းပဲ ဘယ်နေတော့မည်နည်း...။

"ဟော့- ကိုလင်း"

"ဗျာ အမေ"

"ဘာတွေ တွေးငိုင်နေတာလဲ...၊ နင့်အဖေကို သတိထားအုံး၊အလုပ်သာ မလုပ်နိုင်တယ်၊အရက်ကလေး တမျှမျှ၊ ဒါနဲ့ ပြီးသေးသတဲ့လား...၊ အိမ် အောက်က ကြက်တွေ တစ်ကောင်ပြီးတစ်ကောင် ပျောက်နေတယ်၊ ကြားလား ငါ့သား"

"ဟုတ်ကဲ့ပါ အမေ"

* * *

တစ်နေ့သော်...

"ငါ့သား အဖေ့ကို ဟိုအထက်ချောင်းနားက လျှိုမြောင်နားကို လိုက်ပို့စမ်းပါ"

"ဟုတ်ကဲ့ပါ အဖေ"

ကျွန်တော် အဖေ့ကို တွဲလို့ ပို့ရပါသည်။ အဖေ စိတ်ချမ်းသာဖို့က အဓိကပါ။

"ငါ့သား အဖေ့ကိုထားပြီး ဝါးခုတ်ဆက်သွားတာ ပေါ့"

"ဟုတ်ကဲ့ အဖေ"

"မင်း အမေတော့ မသိစေနဲ့နော်"

ကျွန်တော် အဖေ အလိုရှိရာနေရာသို့ မရောက် ရောက်အောင် ပို့ရပါချေပြီ။ ကြိုတင်ရောက်နေကြသည် က ဦးပြာကြီး၊ ဦးနီတွတ်၊ ဦးမဲခေါင်တို့ သုံးဦး...။

လျှိုချိုင့်ဝန်းသည် အလွန်လုံခြုံမှုရှိလှသည်။ အတွင်းနေလူသူများကို အသေအချာ ကြည့်သော်မှ မမြင်နိုင်ပါချေ။ ကျွန်တော်စိတ်ထဲ သံသယရှိသည့် အလျောက် လိုက်လံ၍ မျက်စေ့ ကစားမိသော်– "ဟော တွေ့ရပါချေပြီ။ ဒုစရိုက်သမားများရဲ့ သက်သေခံ ဖဲချပ်များ"။

ကျွန်တော်မျက်လုံးပြူးသွားသည်။ အလွန့်အလွန် ဝမ်းနည်းသွားသည်။ မျက်လုံးအစုံသည် ပြာလာတော့၏။ သွားရမည့်လမ်းကို မမြင်သာအောင်ပင် မှုန်ပြာ လာပါတော့သည်။ ရှေ့ဆက်မသွားပဲ ခေတ္တမျှ ရပ်နားကာ-

"အင်း"

"အဖေ့ကို ဒီဒုစရိုက် တွင်းနက်ထဲမှ ဆွဲထုတ်ရပေမည်။ နွားများ အိမ်ရှိပစ္စည်းများ ဆုံးရှုံးရသည်ကလည်း ဒီအကျင့်ဆိုးကြောင့်ဟု အမေ ပြောဘူး၍ ကြားခဲ့ရဖူးပါပြီ..."

"ငါ့အမေ့ကို အကြောင်းကြားပြီးမှ ဝါးခုတ်သွားတော့မည်"

"ဟင်- ကိုလင်း ဝါးခုတ်မသွားသေးဘူးလား"

"သွားမယ်အမေ၊ သွားပါ့မယ်"

"အရေးကြီးတဲ့စကား လာပြောတာပါ အမေ"

"ဘာ သတင်းစကားလဲ အမြန်ပြောစမ်း"

"အဖေ... အဖေပေါ့"

"အဖေ ဘာဖြစ်လဲ"

"အဖေလေ အထက်ချောင်းနားက လျှိုထဲမှာ ဖဲ–ဖဲရိုက်နေတယ်"

"ဟင်...ဟုတ်လား၊ တွေ့ကြသေးတာပေါ့"

* * *

ဝါးကောင်းတစ်လုံးရရှိဖို့ရန် ဝါးခက်ဝါးမြစ်တို့ကို ခုတ်ထွင်ရှင်းလင်းရင်း ဝါးခက်ရိုက်ခိုက်မိပါက အသည်းထိအောင် နာကျင်လှပါသည်။ ခုတ်ပြီးသားဝါးကို ဝါးရုံထဲမှ ကြိုးစားဆွဲထုတ်ရာ၌လည်း အရိုန်လွန်ကာ လျှိုမြောင် ချောက်ကမ်းပါးသို့ လိမ့်ကျသည်က ရှိသေး၏။ ဤကား ဝါးခုတ်သစ်ခုတ်သမားတို့ရဲ့ ဘဝပင်တည်း...။

"ဒီအကျင့်ဆိုးကို အစပြန်ဖော်ပြန်ပြီ" ဟု ဆိုကာ ဒေါ်မြှောင်သည် အပြေးသွားတော့၏။

"ဟေ့– ကိုတောင် ထွက်ခဲ့၊ ထွက်ခဲ့စမ်း၊ အမြန်ထွက်ခဲ့၊ မထွက်ခဲ့ရင် ပြည်သူ့စစ်ကို တိုင်မယ် သိလား"

"ဟာ–ငတောင် မင်းမိန်းမကွ"

"ဟေ့ဟေ့– ငတောင် သွားတော့ကွာ၊ မင်းတစ်ယောက်နဲ့ အားလုံး ဒုက္ခရောက်တော့မယ်"

"အေးပါ တွေတ်ရ ဒီတစ်ပွဲပြီးရင် တော်ပါပြီ"

ကိုတောင်သည် အဖမ်းခံရမည်စိုး၍သာ ထွက်ခွာသွားရသည်။ စိတ်တော့ မအီမသာပေ။

ကိုလင်း နီးဝါးခုတ်ရင်း ရောင်းလို့ရမည့် ငွေကို တွက်ချက်ကြည့်မိ၏။

"အင်း နေတောင် အတော်စောင်းသွားပြီ၊ ဝါးလည်း ရှစ်လုံးရပြီဆိုတော့ ငွေ (၁၀၀) တော့ သေချာပါပြီ၊ အမေနဲ့ အဖေ မညည်းညူရတော့ဘူး။"

ဝါးခုတ်သမားသည် လွယ်ကူသည်ကား မဟုတ်၊ အဖိုးတန် ဝါးကောင်းရဖို့ မလွယ်ကူပါ၊ ဝါးတစ်လုံးကို ပိတ်နှောင်ကာကွယ်ထားသည့် ဝါးခက်များ၊ မလိုဝါးများ ဝါးခြမ်းများကို ရှင်းလင်းရသည်က အတော်ခက်၏။

ဆိုထားသည့်စာကို ဤသို့ ကြားခဲ့ဘူးပါ၏။

ရှင်ဖျက် ဓဇဂ်

လူဖျက် အရက်

ဓားဖျက် ဝါးမြစ်–တဲ့။

အပင်ပန်းခံ သွေးထားသည့် ဓားမသွားတွေ ဝါးခက် ဝါးမြစ်များကြောင့် ပဲ့ထွက်သည်အထိ ပျက်စီးရပါ၏။ ဤမျှ ဖျက်ဆီးတတ်ပါသေးသည်။

"အမေ"

"သား... ကိုလင်း ပြန်လာပြီလား"

"ဟုတ်ကဲ့အမေ၊ ဝါးဖိုးက တစ်ရာကျပ်ရတယ် အမေ"

"အေး–အေး ငါ့သားအနားယူလိုက်အုံး၊ အမေ ရေခပ်ရင်း ရေချိုးသွားအုံးမယ်"

"ဟုတ်ကဲ့ပါအမေ"

* * *

"ဟော့ကောင် လေင်း လာအုံး"

"ဟာ– အဖေ့ကြည့်ရတာ အရက်သောက်ထားပုံ ပဲ၊ ဘုရား... ဘုရား"

"ဟော့ကောင် အမြန်လာကွာ"

"အခုမှ ဘာတွန့်ဆုတ် တွန့်ဆုတ် လုပ်နေတာ လဲ"

"ငါမသိစေချင်တာကို မင်းအမေကို ဘာကြောင့် သွားပြောတာလဲ"

"သားက အဖေ့ကို ကောင်းစားစေချင်လို့ပါ"

"ဘာကွ– သားက အဖေထက် တစ်လကြီးချင် နေလိုက်တာ၊ တစ်ရက်သော်မှ မင်းမကြီးရဘူးကွ"

"ရော့ကွာ– ကြီးချင်အုံး"

"ဖျန်း"

"ဗုန်း"

"ခွပ်"

"အား- အဖေကြောက်ပါပြီခင်ဗျာ"

"ဘာ အခုမှ ကြောက်ပါပြီလဲ၊ ငါမွေးထားတဲ့ မျောက်က ငါ့ပြန်ချောက်တယ်"

"ရော့ကွာ သေပေတော့"

"ဖျန်း"

"အား- သေပါပြီဗျ"

ခေါင်း တွေ ချာ ချာ လည် တုန် ခါ နေ သော ကျွန်တော်အိမ်အောက်သို့ ပြေးဆင်းခဲ့ရပါသည်။ အိမ်အောက်သို့ ရောက်သော် ခန္ဓာကိုယ် လုံခြုံမှုရှိမည့် ကြက်များ အိပ်တန်းတက်ရာ ဖျာလိပ်ခေါင်းထဲ တိုးရှိုးပုန်းအောင်းခဲ့ရပါသည်။ ကျွန်တော့်အသားတွေ တုန်ခါမှုကြောင့် ဖျာလိပ်မငြိမ်သက်သည်ကို သတိထားမိလာသည်။ အဖေရိပ်မိမှာစိုး၍ မတုန်ခါအောင် ကြိုးစား၍ နေရပါသည်။

"ဟင်- ကိုတောင်၊ အတော်မိုက်တဲ့ ယောကျ်ားမိုက်ပဲ၊ ကိုလင်းကို အသေရိုက်တယ်ဆို အခု ကိုလင်း ဘယ်မှာလဲ...။"

"မသိဘူးကွာ၊ ငါ့လာမမေးနဲ့"

အမေသည် မှောင်မိုက်ထဲ မိုတ်တုတ်မိုတ်တုတ် ရေနံဆီမီးခွက်ဖြင့် အိမ်ပေါ် အိမ်အောက် ခြံဝင်းအတွင်း ကျွန်တော့်ကို လိုက်ရှာနေပါပြီ။ ကျွန်တော် အတွေ့

မခံရ၊ ကျွန်တော် အဖေ့ကို ကြောက်နေ၏။ အမေ့ကိုတော့ သနားပါ၏။

"ဟဲ့ ငါ့သား၊ ကိုလင်း၊ အမေခေါ်နေတယ်၊ ထွက်ခဲ့ပါ သားရယ်"

ကျွန်တော် အမေ့အသံကို ကြားပါ၏။ မထွက်ရဲပါ။ အဖေ့ကို အလွန်ကြောက်နေပါသည်။

ကျွန်တော် ဖျာလိပ်အတွင်းမှ အမေ့ မျက်နှာကို အထင်းသား အလင်းသား မြင်နေရပါပြီ။ အမေ့ပါးပြင်မှာ မျက်ရည်ပေါက်တွေ ရွှဲရွှဲစိုလို့ပါလား...။

"ဪ... အမေရယ်..."

* * *

# ကံပွင့်၍
## ကံဆင့်တဲ့သည့်အချိန်

မှတ်မှတ်ရ ကျွန်တော့်အသက် (၁၅) နှစ် ရောက်လာသောအခါ နိုင်ငံတော်မှ ငဖဲမြို့အနီး၌ မန်းချောင်းရေလှောင်တမံ တူးဖော်ရေး စီမံကိန်းကို စတင်နေ၏။ များစွာသော အလုပ်သမားထဲတွင် စကာတင်အရွေးခံရသည့် အလုပ်ကြမ်းသမား ကျွန်တော်ဖြစ်ခဲ့ရပါသည်။

အဖေ အမေတို့ စားဝတ်နေရေးသည် ပို၍အဆင်ပြေလာပါသည်။ ညီငယ် ညီမငယ်တို့ကိုလည်း ကျောင်းထားပေးနိုင်ပါ၍ အတိုင်းတာထက် အလွန်ဝမ်းမြောက်ရပါသည်။ အလုပ်ခွင်မှာ အသက်နှင့် ခန္ဓာကိုယ်ကို ရင်းနှီးမြှုပ်နှံရပြီဆိုတော့ မိဘများရွာကို တစ်လတစ်ခေါက်သည် အနိုင်နိုင်...။

လကုန်ပြီဆိုသည်နှင့် ကိုယ်တာအတွက် ဆန်တစ်အိပ်၊ ဒီဇယ်ဆီ တစ်ဂါလံ၊ ငွေတစ်ထောင်ကျပ်တို့ကိုလည်း အိပ်မှောက်ဖားသွန်ကျေးဇူးဆပ်ရသည်ကြောင့် စားရေး သုံးရေး မီးခွက်ထွန်းနိုင်ရေး ကျွန်တော်မပူရတော့ပါချေ။

နေပူ လေပူနှင့် အပူဒဏ်ကို ခံနိုင်ခြင်းဟာ မိသားစု စားဝတ်နေရေး အပူကို မခံနိုင်တော့လို့ပါ။ မိသားစု အပူထက် စာနာပါက သဘာဝအပူဒဏ်သည် ကျွန်တော့်အတွက် အေးမြနေပါသေး၏။

* * *

"ဟာ– ကိုဖြိုးလာလေကွာ"

"အေးကွာ– ငါလည်း မင်းနဲ့ မတွေ့ရတာကြာလို့"

"အေးပါ၊ ငါလည်း တွေ့ချင်နေတာပါ"

"ဒါနဲ့ ကိုလင်း ဒီလောက် ဝင်ငွေကောင်းတာသော်မှာ လူနဲ့ သူနဲ့တူအောင် အင်္ကျီ ပုဆိုးများ ဝယ်ဝတ်ပါအုံး"

"ကိုဖြိုးရာ၊ ငါမဝတ်နိုင်ပါဘူး၊ ဝတ်လည်း မဝတ်ချင်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါက မိဘများကို ရှာကျွေးနေရတယ်၊ အဖေ

အမေများကလည်း ငါ့ပဲ အားကိုးနေကြတာ”

“မင်းအဖေကလည်း မင်းကို ချွေးရိုက် နှားရိုက် ရိုက်တယ်ဆို။ ငါလိုကောင်ဆို ဘယ်ခံပါ့မလဲ”

“မဟုတ်သေးဘူး ကိုဖြိုး၊ အဖေရိုက်လို့ သေချင်သေပါစေကွာ၊ မိုက်မိုက်ရိုင်းရိုင်းတော့ မပြစ်မှားရဲပါဘူး”

“ကိုဖြိုးရာ ဒါတွေထားလိုက်ပါတော့ အရေးကြီးတာက ဒီဆည်စီမံကိန်းကြီးက ပြီးတော့မှာ၊ အလုပ်လက်မဲ့ မဖြစ်ရေးက ငါ့မှာ အရေးကြီးတယ်”

“အေးကွာ၊ ငါကတော့ မိဘလက်ငုပ် လက်ရင်းဖြစ်တဲ့ လယ်အလုပ်ပဲ လုပ်တော့မယ်”

“အေးလေ ငါကတော့ ရန်ကုန်က ငါ့အမျိုးဘုန်းကြီးကြွလာရင် လိုက်သွားတော့မယ်၊ ရရာအလုပ်လုပ်ရမှာပေါ့၊ မိဘတွေ စားမှုသောက်မှု အဆင်ပြေဖို့က အဓိက မဟုတ်လား”

“အေးကွာ၊ ဒါဆို ကိုလင်း ရန်ကုန်လိုက်သွားဖြစ်ရင် အသိပေးအုံးပေါ့”

* * *

ဒီလိုနဲ့ မန်းချောင်း ရေလှောင်တမံကြီးလည်း အောင်မြင်စွာ ပြီးစီးခဲ့ပါလေပြီ...။ တိုက်တိုက် ဆိုင်ဆိုင် ပါပဲ၊ ရန်ကုန်သို့ သွားရပါတော့မည်။ မိဘများနှင့် ညီ

ညီမများကို မခွဲနိုင် မခွာရက်ပြေားလည်း အစွမ်းကုန် ကြိုးစား၍ ခွဲခွာမှုဝေဒနာကို ခံစားရပါချေပြီ...။

ခွဲခွာမှု နံနက်ခင်းသည် မမေ့နိုင်စရာပါ။ ကားဂိတ်ရှိရာ မြို့သို့ ပို့ဆောင်ပေးမည့် လှည်းယာဉ်ကို အဖေ အမေနှင့် ညီ ညီမများ အပေါင်းအသင်း သူငယ်ချင်းများ ဝိုင်း၍ နှုတ်ဆက်နေကြသည်။ အဖေ အမေနှင့် ညီ ညီမများမှာ ငိုယိုကာ နှုတ်ဆက်ကြ၏။ အခင်မင်ဆုံး ကိုဖြိုးသည်ပင် မျက်ရည်ကျလို့ ကျွန်တော် သည်လည်း ငိုရင်းဖြင့် ခွဲခွာခဲ့ရပါသည်။

မြို့တော် မဟာရန်ကုန်ရောက်ပါပြီ...၊ နေရ သည်က ဓမ္မရိပ်သာတစ်ခုတွင်...။ လုပ်ရသည့် အလုပ် က ကပ္ပိယကာရက– ရဟန်းတော်များ အပ်စပ်အောင် ဆောင်ရွက်ပေးရသည့် မောင်ကျောင်းသားပါ။ ဆရာ တော်၊ သံဃာတော်များ ယောဂီသူတော်စင်များအတွက် ဆွမ်းစားရန် အဆင်သင့်ဖြစ်အောင် ခင်းကျင်းပေးရ သည့် ဝေယျာဝစ္စအလုပ်။ လုပ်အားခအဖြစ် တစ်လ တစ်ထောင်ကျပ်။ စားစရာ နေစရာ မပူရပေ။

ရဟန်းတော်များက ချီးမြှင့်၊ သူတော်ကောင်း များက မ စကြနှင့် မိဘများကို ကျေးဇူးဆပ်တာ ပို၍ ပို၍ တွင်ကျယ်လာပါသည်။ ဘယ်အရပ်ရောက်ရောက် ကျွန်တော့်ဦးတည်ချက်သည် မိဘကျေးဇူးဆပ်ရန်သာ

ဖြစ်ပါ၏။ ရောက်ရှိနေထိုင် လုပ်ကိုင်ရသည့် ရိပ်သာ အမည်မှာ- သဒ္ဒမ္မရံသီ...တဲ့။

အခုလို အခကြေးငွေဖြင့် ပြုလုပ်ရခြင်းသည် ကျွန်အပြုခံရခြင်းပါပဲ။ ဘဝတစ်လျှောက်လုံး မျက်စေ့ စုံလုံးဖွင့်သည်နှင့် သူတစ်ပါးထံ ကျွန်ပြုခံရခြင်းများတွင် ယခုလို ရိပ်သာဓမ္မကျောင်းတော်သည် စင်စစ် သူတော် စင်များမို့ သာသနာ့ကျွန်ဖြစ်ရတာကြောင့် အမွန်မြတ်ဆုံး ဝမ်းအမြောက်ရဆုံးပင်ဖြစ်ပါ၏။ မိဘများ၏ ကျေးဇူး ကို ငွေရှင် ကြေးရှင် ဓနရှင်များ၏ ကျေးကျွန်အဖြစ် *၁ နိုင်ငံတော် ပြည်သူများ၏ ကျေးကျွန်အဖြစ် *၂ အခကြေး ငွေယူရင်း ပေးဆပ်ခဲ့ရပါသည်။

တစ်ဖြေးဖြေးနှင့် နေလာတာကြာလာသည်နှင့် အမျှ ထူးဆန်းသည့် ကျောင်းအမည် ပါဠိ ပါဠိသား ကို စူးစမ်းမိ၍ သိရှိရသည်မှာ- သဒ္ဒမ္မ- သူတော်ကောင်း တရား။ ရံသီ- အလင်းရောင်။ သူတော်တရား ထွန်းလင်း

---

*၁ ကျွဲကျောင်း၊ နွားကျောင်း၊ ပျိုးနုတ်၊ ဝါးခုတ်၊ သစ်ခုတ်ခြင်းများ။

*၂ လမ်းဖောက်၊ တံတားဆောက်၊ ဆည်တည်ခြင်းများ ကို။

ပြရာ အလင်းရောင်ရှိသည့် ကျောင်းရိပ်သာဆိုပါလား...။ အလွန်နက်နဲ အေးမြ ကြည်လင်လှပါ၏။

ဆရာတော်ဘုရားကြီးကို ဖူးမြင်ရသည်မှာလည်း မည်သည့်အရာကို ကြည့်ရသည်နှင့်မှ မတူ၊ အလွန်ပင် အေးမြလှပါပေ၏။ ကျွန်တော်သာမက ပြည်တွင်းမှ ဖူးမ၀၊ ပြည်ပမှ ကြည်ညိုရ၍ မဆုံးနှင့် တည်ငြိမ်အေးချမ်း ရင့်ကျက်နေသည့် ဣန္ဒြိယသံဝရသီလတွေကအပြည့်အ၀၊ အသံတော်ကို နာယူကြည့်ပါက ကြည်လင် ပြတ်သား၏။ လုပ်သံ၊ ဟစ်သံ၊ ဖန်တီးသောအသံမရှိ၊ ရိုးစင်းမှု အပြည့် ဓမ္မသက်သက်ကိုသာ ဟောကြားလေ့ ရှိပါသည်။

တရားတော်များကို အတော်များများ နာယူဘူးပါသည်။ အချိန်ရသမျှ သတိပဋ္ဌာန် တရားတော်ကို ကျင့်ကြံနေမိပါသည်။ ထိုင်တရားကို ထိထိမိမိ မသိရှိနိုင်ငြားလည်း နာယူမှု ဓမ္မ သံစဉ်များထဲမှ မိဘကျေးဇူးကြီးလှသည့် အကြောင်းအရာ တရားတော်ကို အနှစ်သက်ဆုံးပင်ဖြစ်ပါသည်။

ဆပ်လာခဲ့ရသည့် မိဘကျေးဇူး၏ အဓိပ္ပာယ် နှစ်ရှိုင်းပုံ၊ ကျယ်ဝန်းပုံ၊ လေးနက်မှုရှိပုံတို့ကို ကျွန်တော် နာယူမှတ်သား၍ သိရှိရသလို မိဘမဲ့ကလေး မိဘမရှိပဲ မွေးဖွားသည့် ကလေးဟူ၍ မရှိသောကြောင့် နာစေချင်လှသည့် ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

ဘုရားကြီး၏ မိဘကျေးဇူးကြီးမားပုံ တရားဒေသနာတော် အစုံအလင်မှာ...

**"နှစ်တစ်ရာဆပ်ပါ**

**မကျေရာ**

မိဘတို့၏ ကျေးဇူးကို အထူးသိ၍ ဆပ်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတစ်ဦးသည် အမိကို ညာဘက် ပခုံးဖြင့်ထမ်း၊ အဖကို ဘယ်ဘက် ပခုံးဖြင့်ထမ်းလျက် အနှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးကာ ကျေးဇူးဆပ်ပါသော်လည်း ဆပ်လို့ မကျေနိုင်ဟူ၍ မိဘများ၏ ကျေးဇူးကြီးမားတဲ့အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ (အံ၊ ၁၊ ၇၃)

မိဘတို့၏ ကျေးဇူးသည် သားသမီးများအတွက် အနှစ်တစ်ရာပတ်လုံး ပေးဆပ်လို့ မကျေနိုင်အောင် ကြီးမားတဲ့အကြောင်းကို အပြည့်အစုံသိဖို့ရာမှာ မြတ်စွာဘုရား၏ ဉာဏ်တော်အရာသာဖြစ်ပေသည်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ဖြင့်သာ သိကြရပေသည်။

သားသမီးများ သိဖို့ရာ မိဘတို့၏ ဂုဏ်ကျေးဇူး (၃) ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ-

မိဘတို့သည်-

၁။ သားသမီးများ၏ ဗြဟ္မာဖြစ်ကြပေသည်။

၂။ သားသမီးများ၏ အကောင်းဆုံး လက်ဦး
ဆရာဖြစ်ကြပေသည်။

၃။ သားသမီးများ၏ အကောင်းဆုံး ပူဇော်ရာ
ဖြစ်ကြပေသည်– ဟူ၍ ဟောကြားတော်မူခဲ့
ပါသည်။

(အံ–၁၊ ၁၃၀)

၁။ ဗြဟ္မာပြည်၌နေကြသော ဗြဟ္မာတို့သည် တစ်ခါတစ်ရံ "အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ" ဟူ၍ ချစ်ခြင်း မေတ္တာတရားပွား များကာ နေကြပေသည်။

တစ်ခါတစ်ရံ ဆင်းရဲဒုက္ခရောက်နေကြသော "အားလုံးသော သတ္တဝါတွေ ဆင်းရဲဟူသမျှမှ လွတ်သွားကြပါစေ" ဟူ၍ သနားခြင်း ကရုဏာတရား ပွားများကာ နေကြပေသည်။

တစ်ခါတစ်ရံ စည်းစိမ် ချမ်းသာများနှင့် ပြည့်စုံနေကြသော "အားလုံးသော သတ္တဝါတွေ ရရှိမြဲတိုင်းသော စည်းစိမ်ချမ်းသာ၌ ဟည်နိုင်ကြပါစေ" ဟူ၍ ဝမ်းမြောက်ခြင်း မုဒိတာတရားပွားများကာ နေကြပေသည်။

တစ်ခါတစ်ရံ စည်းစိမ်ချမ်းသာများနှင့် ပြည့်စုံနေကြသော ပုဂ္ဂိုလ်သတ္တဝါများနှင့် ဆင်းရဲဒုက္ခတွေ့ကြုံ

နေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် "မိမိတို့ ပြုထား အပ်သော ကံအားလျော်စွာ ခံစားနေကြရခြင်းသာ ဖြစ်ကြပေသည်" ဟူ၍ လျစ်လျူရှုခြင်း ဥပေက္ခာတရား ပွားများကာ နေကြပေသည်။

ထိုနည်းတူစွာ မိဘတို့မှာ သားသမီးတို့ကို မြင်တွေ့ရတိုင်း သတိရတိုင်း၊ တိုးတက်ကြီးပွား ကောင်း စားချမ်းသာကြပါစေ... ဟူသော ချစ်ခြင်းမေတ္တာ သည် အလိုလို ပွားများပြီးသား ဖြစ်ကြပေသည်။ မရေမတွက်နိုင်အောင်ပင် များပြားကြပေသည်။

မိဘတို့မှာ သားသမီးများ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံရသောအခါ ယင်းဆင်းရဲဒုက္ခကို ဖယ်ရှားပေး လိုသော သနားခြင်း ကရုဏာသည် အလိုလိုပွားများ ပြီးသား ဖြစ်ကြပေသည်။ မရေမတွက်နိုင်အောင်ပင် များပြားကြပေသည်။

မိဘတို့မှာ သားသမီးများ အတတ်ပညာ စီးပွား ဥစ္စာများ ပြည့်စုံ၍ ကျန်းမာချမ်းသာစွာ နေထိုင်ကြသည် တို့ကို တွေ့မြင်ရသောအခါ ရရှိထားသော စည်းစိမ် ချမ်းသာ ပြည့်စုံခြင်းများ မဆုတ်ယုတ်သွားကြပါစေ လင့်၊ တည်မြဲတိုင်းသာ တည်နိုင်ကြပါစေဟူသော ဝမ်းမြောက်ခြင်း မုဒိတာသည် အလိုလိုပွားများပြီးသား ဖြစ်ကြပေသည်။

မိဘတို့မှာ သားသမီးများ အဘက်ဘက်က ပြည့်စုံပြီး သူ့အိုး သူ့အိမ်ဖြင့် ကောင်းမွန်စွာ နေထိုင်တာကို တွေ့မြင်ရသောအခါ လျစ်လျူရှုခြင်း ဥပေက္ခာသည် အလိုလို ပွားများပြီးသားဖြစ်ကြပေသည်။ မိဘတို့သည် သားသမီးတို့အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာသည် အလိုလို ပွားများပြီးသား ဖြစ်ကြပေသည်။ မိဘတို့သည် သားသမီးတို့အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာဖြစ်တာ နည်းပါးကြပေသည်။ ချစ်ခြင်းမေတ္တာသာဖြစ်တာ များကြပေသည်။ သို့ဖြစ်၍ မိဘတို့သည် သားသမီးများ၏ ဗြဟ္မာဖြစ်ကြပေသည်–ဟူ၍ ဟောတော်မူခဲ့ပါသည်။

၂။ မိဘတို့သည် သားသမီးများ သိတတ်သော အရွယ်မှစ၍ သွားပုံ၊ ရပ်ပုံ၊ ထိုင်ပုံ၊ စားပုံများကိုလည်းကောင်း၊ သူ့အသက် မသတ်ဖို့ရာ၊ သူ့ဥစ္စာ မခိုးဖို့ရာ၊ သူတစ်ပါး သားသမီး မဖျက်ဆီးဖို့ရာ၊ လိမ်မပြောဖို့ရာ၊ ဆဲဆို၍ ကြမ်းတမ်းစွာ မပြောဖို့ရာ၊ အရက်မသောက်ဖို့ရာ စသည်များကို လည်းကောင်း၊ ချဉ်းကပ်ပေါင်းသင်းသင့်သူ၊ ချဉ်းကပ်မပေါင်းသင်းသင့်သူများကို လည်းကောင်း၊ တစ်သက်ပတ်လုံး ကောင်းစား ချမ်းသာသွားစေလိုသော မေတ္တာဓာတ် အပြည့်အဝဖြင့် သင်ကြားပြသ ဆုံးမပေးခဲ့ကြပေသည်။

မိဘများ၏ သင်ပြဆုံးမခြင်း ပြည့်စုံကောင်းမွန်သည်နှင့်အမျှ သားသမီးများ တစ်သက်ပတ်လုံး ယဉ်ကျေးလိမ္မာ တိုးတက်ကြီးပွားချမ်းသာသွားကြပေသည်။ သို့ဖြစ်သောကြောင့် မိဘတို့သည် သားသမီးတို့၏ အကောင်းဆုံး လက်ဦးဆရာဖြစ်ကြသည်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

၃။ မိဘတို့သည် သားသမီးတို့အား မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား (၄) ပါး အရင်းခံရှိထားပြီးသူများ ဖြစ်ကြသည့် အားလျော်စွာ သားသမီးတို့ကို အစဉ်သနားစောင့်ရှောက်သူများသာ ဖြစ်ကြပေသည်။

သို့ဖြစ်၍ မိဘတို့သည် သားသမီးတို့၏ပူဇော်ခြင်း အမျိုးမျိုးတို့ကို ခံယူထိုက်သော (အာဟုနေယျ) ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။ သားသမီးတို့သည် မိဘတို့ကို ရှိခိုးခြင်း စားဖွယ်သောက်ဖွယ်များကို စီမံ၍ကျွေးမွေးခြင်း၊ အဝတ် အထည်တို့ကို ဖွတ်လျှော်ပေးခြင်း၊ ဝတ်ဆင်ပေးခြင်း၊ အမွှေးနံ့သာ လိမ်းပေးခြင်း၊ ရေချိုးပေးခြင်း နင်းနှိပ်ပေးခြင်း၊ခြေဆေးပေးခြင်းစသည်တို့ဖြင့် ပြုလုပ်ပူဇော်ကုန်ရာ၏။ မိဘတို့သည် အရိယာပုဂ္ဂိုလ်များကဲ့သို့ သားသမီးတို့၏ ပူဇော်ခြင်းအမျိုးမျိုးတို့ကို ခံယူထိုက်သော ပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

မိဘတို့သည် သားသမီးတို့၏ ဗြဟ္မာ၊ လက်ဦး ဆရာ၊ အကောင်းဆုံး ပူဇော်ရာဟူသော ဂုဏ်ကျေးဇူး (၃) ပါးရှိသောသူများ ဖြစ်သောကြောင့် အနှစ်တစ်ရာ ပတ်လုံး ကျေးဇူးဆပ်လို့ မကျေနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ တရားဖြင့်သာ ကျေအောင် ဆပ်နိုင် ကြပေသည်။

**ဆောင်ပုဒ်။ ။ မိဘဟူသည် ဗြဟ္မာတူ၏၊ လက်ဦး ဆရာ၊ ပူဇော်ရာ၊ မှန်စွာဖြစ်ပေသည်။"**

**"မိဘများတွက်**

**မျှော်လင့်ချက်**

မိဘတို့သည် သားငယ်သမီးငယ်တို့ကို ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပညာတတ် မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည် သွားနိုင်သည်အထိ ကြီးမားသော မေတ္တာဓာတ်တို့ဖြင့် ကျွေးမွေးပြုစု စောင့်ရှောက်ကြရပေသည်။ ဤကဲ့သို့ ကျွေးမွေးပြုစု စောင့်ရှောက်ကြရာတွင် သားငယ်သမီး ငယ်များအပေါ်၌ အကြောင်း (၅) ပါးကို မြင်၍မျှော်လင့် ချက် (၅) မျိုး ထားရှိကြပေသည်။

၁။ ဘတောဝါနော ပရိဿတိ = မိဘတို့ကို ပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်လိမ့်မည်။

၂။ ကိစ္စံဝါနော ကရိဿတိ = မိဘတို့၏ ကိစ္စကို ပြန်၍ ပြုပေးလိမ့်မည်။

၃။ ကုလဝံတောစိရံ္ဌဿတိ = မိဘတို့၏ အမျိုးအနွယ်ကို ရှည်မြင့်စွာ တည်အောင် စောင့်ရှောက်လိမ့်မည်။

၄။ ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ = အကျင့်သီလနှင့် ပြည့်စုံ၍ အမွေခံယူလိမ့်မည်။

၅။ ပေတာနံဒက္ခိဏံအနုပ္ပဒဿတိ=မိဘများ ကွယ်လွန်သွားသောအခါ အလှူဒါနပြု၍ အမျှဝေလိမ့်မည်ဟူသော မျှော်လင့်ချက် (၅) မျိုးထားရှိကြပေသည်။

၁။ မိဘတို့ကို ပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်ကြလိမ့်မည်ဟူသည်-

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် နောင်သောအခါ မိမိတို့ အိုမင်း မစွမ်းဖြစ်လာမည်ကို ငြင်ကြပေသည်။ မိမိတို့ စားဖွယ်သောက်ဖွယ်များကိုင်ပင် မချက်ပြုတ် မစိမံနိုင်လောက်အောင် မိမိတို့ အဝတ်အထည်များကိုပင် ဖြူစင်စွာ မဖွပ်လျှော်နိုင်လောက်အောင် မိမိတို့၏ ကျင်ကြီးကျင်ငယ်ကိစ္စ

များကိုပင် သန့်ရှင်းစွာ မပြုလုပ်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာရလိမ့်မည်ဟု သိမြင်ကြပေသည်။

ဤကဲ့သို့ အိုမင်းမစွမ်းဖြစ်လာကြသောအခါ ငယ်ရွယ်စဉ်က ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ ပညာတတ်မြောက်ကာ လူ့လောကတွင် ရပ်တည်နိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် အိုမင်းမစွမ်းဖြစ်ကြသော မိဘများကို ငယ်ရွယ်စဉ်က မိမိတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်သကဲ့သို့ မိဘတို့ကိုပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်ကြလိမ့်မည်ဟု မျှော်လင့်ချက်ထားရှိကြပေသည်။

၂။ မိဘတို့ကိစ္စကို ပြန်၍ ပြုပေးကြလိမ့်မည် ဟူသည်-

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် နောင်သောအခါ မိမိတို့ အိုမင်းမစွမ်းဖြစ်လာကြမည်ကို သိမြင်ကြပေသည်။ အကြောင်းညီညွတ်၍ အသက်ရှင်နေခဲ့သော် မိမိတို့၏ အိမ်ယာ၊ တိုက်တာကိစ္စ၊ သာရေးနာရေးကိစ္စ၊ ဘာသာရေး သာသနာရေးကိစ္စတို့ကို မရွက်ဆောင်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာကြမည်ဟု သိမြင်ကြပေသည်။

ဤကဲ့သို့ လူမှုရေးကိစ္စတို့ကို မဆောင်ရွက်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာသောအခါ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည်နိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သောသားသမီးတို့သည် အိုမင်းမစွမ်းဖြစ်နေကြသော မိဘများ၏ အိုးအိမ်ကိစ္စ၊ ရပ်ရွာကိစ္စ၊ ဘာသာရေး သာသနာရေးကိစ္စတို့ကို လာရောက် ကူညီကာ ဆောင်ရွက်လုပ်ကိုင်ပေးကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်းထားရှိကြပေသည်။

**ဆောင်ပုဒ်။ ။ မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူညီကာလုပ်ပေး၊ ကြလိမ့်မည်။**

၃။ မိဘတို့၏ အမျိုးအနွယ်ကို ရှည်မြင့်စွာ တည်အောင် စောင့်ရှောက်ကြပေလိမ့်မည် ဟူသည်–

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် တစ်နေ့သောအခါ မိမိတို့ ကေန်မုချ ကွယ်လွန်ကြရမည်ဟု သိမြင်ကြပေသည်။ ကွယ်လွန်သွားသောအခါ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ

လူ့လောကတွင် ရပ်တည်သွားနိုင်သည်အထိ ကျွေးမွေး ပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် မိဘတို့၏ အမျိုးအနွယ်များ မနိမ့်ကျ မပျက်စီးသွားရအောင် ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြရပေသည်။

**ဆောင်ပုဒ်။ ။မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊ တည်ရာ ပြုကြပေလိမ့်မည်။**

မိဘတို့၏ အမျိုးအနွယ်တို့သည် နှစ်မျိုးရှိပေသည်။

(က) လောကီ စီးပွားရေး ကြီးပွားရေး အမျိုးအနွယ်

(ခ) မိဘတို့သည် တည်ထားကိုးကွယ် ဆည်းကပ်ခဲ့သော ဘာသာရေး သာသနာရေး အမျိုးအနွယ်ဟူ၍ နှစ်မျိုးရှိပေသည်။

(က) အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိဘတို့ လုပ်ကိုင်ခဲ့သော သမ္မာအာဇီဝလုပ်ငန်းများကို မနိမ့်ကျ မပျက်စီးသွားရအောင် ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြရပေသည်။ မိဘတို့က ကုန်သည်မျိုးဖြစ်ခဲ့လျှင် ကုန်သည် အဆင့်အတန်းများ မနိမ့်ကျသွားရအောင် မပျက်စီးသွားရအောင် ကြာရှည်စွာ

တည်တံ့နေရအောင် စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ မိဘတို့က အမှုထမ်း အရာထမ်းများဖြစ်ခဲ့လျှင် အမှုထမ်း အရာထမ်း အဆင့်အတန်းများ မနိမ့်ကျသွားရအောင် မပျက်စီးသွားရအောင် ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

(ခ) အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိမိတို့ မိဘများ တည်ထားကိုးကွယ် ဆည်းကပ်ခဲ့သော ကျောင်း ဘုရား စေတီနှင့် တည်ထားခဲ့သော ဆွမ်း ကွမ်းစသော ဝတ်များကို မချွတ်မယွင်းရအောင် မပျက်စီးသွားရအောင် ကြာရှည်စွာ တည်တံ့နေရအောင် မိမိတို့၏ ပစ္စည်းအင်အား လူအင်အားရှိသလောက် စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

၄။ အကျင့်သီလနှင့် ပြည့်စုံ၍ အမွေခံယူကြလိမ့်မည် ဟူသည်–

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် တစ်နေ့သောအခါ မိမိတို့ ကေန်မုချ ကွယ်လွန်ကြရမည်ဟု သိမြင်ကြပေသည်။ မိမိတို့ ကွယ်လွန်သွားသောအခါ တစ်သက်ပတ်လုံး ရှာဖွေ

စုဆောင်းထားခဲ့သော ပစ္စည်းဥစ္စာရတနာများကို ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပညာတတ် မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည် နေနိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် အကျင့်သီလနှင့် ပြည့်စုံကြ၍ အမွေ ခံယူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိ ကြပေသည်။

**ဆောင်ပုဒ်။ ။မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာ မွေခံကြလိမ့်မည်။**

အမွေခံထိုက်သော သားသမီးတို့သည် (၃) မျိုး ရှိပေသည်။

(က) အတိဇာတပုတ္တ = မိမိတို့ထက် သာလွန်သော သားသမီး

(ခ) အနုဇာတ ပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီး

(ဂ) အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီးဟူ၍ (၃) မျိုးရှိပေ သည်။

(က) အတိဇာတပုတ္တ = မိဘတို့ထက် သာလွန်သော သားသမီးဟူသည်-

အကြင်သားသမီးသည် လောကရေးရာဘက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကြောင်း ပညာအားဖြင့်လည်း မိဘတို့ထက် သာလွန် တတ်မြောက်ပေသည်။ လောကုတ္တရာရေးရာ တရားဓမ္မဘက်မှ သီလ သမာဓိ ပညာအားဖြင့်လည်း မိဘတို့ထက် သာလွန်၍ ပြည့်စုံပေသည်။ ထိုသားသမီးသည် အတိဇာတပုတ္တ = မိဘတို့ထက် သာလွန်သော သားသမီးမျိုး ဖြစ်ပေသည်။

(ခ) အနုဇာတ ပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီး

အကြင်သားသမီးတို့သည် လောကရေးရာဘက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကြောင်း ပညာအားဖြင့်လည်း မိဘတို့နှင့် တန်းတူပင်ဖြစ်ပေသည်။ လောကုတ္တရာရေးရာ တရားဓမ္မဘက်မှ သီလ သမာဓိ ပညာအားဖြင့်လည်း မိဘများနှင့် တန်းတူပင်ဖြစ်ပေသည်။ ထိုသားသမီးသည် အနုဇာတပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီးမျိုးဖြစ်ပေသည်။

(ဂ) အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီးဟူသည်-

အကြင်သားသမီးသည် လောကရေးရာဘက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကြောင်း ပညာအားဖြင့်လည်း မိဘများလောက် မတတ်မြောက် မကျွမ်းကျင်ပေ၊ လောကုတ္တရာရေးရာ တရားဓမ္မဘက်မှ သီလ သမာဓိ ပညာအားဖြင့်လည်း မိဘများလောက် မပြည့်စုံပေ။ နိမ့်ကျနေပေသည်။ ထိုသားသမီးသည် အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီးမျိုးဖြစ်ပေသည်။

ဤသားသမီး (၃) မျိုးတို့တွင် သီလမှတစ်ပါး အခြားသော လောကဓမ္မ နှစ်ဌာနတို့၌ မိဘများလောက် မပြည့်စုံပါသော်လည်း အကျင့်သီလ ပြည့်စုံပါက အမွေခံထိုက်သော သားသမီးများပင် ဖြစ်ပေသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသည်ဖြင့် အကျင့်သီလ အလွန်ပျက်နေပါက အမွေမခံထိုက်သော သားသမီးများ ဖြစ်ကြပေသည်။ ဤကဲ့သို့ မဖြစ်ပါပဲ အကျင့်သီလနှင့် ပြည့်စုံကြပြီး အမွေခံယူနိုင်ကြပါစေဟု ပညာရှိ မိဘများက သားသမီးများအပေါ်၌ မျှော်လင့်ချက် ထားရှိကြပေသည်ဟု ဆိုလိုပါသည်။

(၅) မိဘများ ကွယ်လွန်သွားသောအခါ အလှူဒါနပြု၍ အမျှဝေကြလိမ့်မည်ဟူသည်–

အမြော်အမြင် ဉာဏ် ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် ကိစ္စများမြောင် လူတို့ဘောင်၌ နေကြရသည်ဖြစ်၍ တရားပြည့်စုံအောင် အားမထုတ်နိုင်ကြသဖြင့် ကွယ်လွန်သွားသောအခါ ယုတ်နိမ့်သော ဘုံဘဝများသို့ ရောက်သွားနိုင်ပေသည်ဟု သိမြင်ကြပေသည်။ အကယ်၍ ကွယ်လွန်ခါနီးမှာ တရားဓမ္မကို အာရုံမပြုနိုင်သောကြောင့် ယုတ်နိမ့်သော ဘုံဘဝများသို့ ရောက်သွားခဲ့သည်ရှိသော် ငယ်ရွယ်စဉ်မှ လူလားမြောက်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည့် သားသမီးတို့သည် ကွယ်လွန်သွားသော မိဘများအတွက် အလှူဒါန စသော ကောင်းမှုကုသိုလ်များပြု၍ အမျှဝေကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြပေသည်။

**ဆောင်ပုဒ်။ ။ကွယ်လွန်သောအခါ၊ လှူဖွယ်ရာ၊ လှူကာမျှဝေကြလိမ့်မည်။**

ပညာရှိ မိဘများ ထားရှိခဲ့ကြသော မျှော်လင့်ချက် (၅) ပါးကိုပင် သိင်္ဂါလောဝါဒသုတ္တန်၌ သားသမီးကျင့်ဝတ် (၅) ပါးဖြစ်သည်ဟု မြတ်စွာဘုရားက သတ်မှတ်

ကာ ဟောကြားတော်မူခဲ့ပါသည်။ ဤမိဘတို့ မျှော်လင့်ချက် (၅) ပါးတည်းဟူသော သားသမီးကျင့်ဝတ် (၅) ပါးတို့နှင့် ပြည့်စုံကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ယခုဘဝတွင်လည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြလိမ့်မည် ဖြစ်ပေသည်။ နောက်နောင် ဘဝများမှာလည်း မိကောင်း ဖကောင်းများနှင့် တွေ့ကြရပြီး လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပေသည်။ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်တိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ခံစားရရှိကြရမည် ဖြစ်ပါပေတော့သတည်း--။

သာဓု... သာဓု... သာဓု

* * *

## သတိရမိသည့်
## အားကျမျက်ရည်

သူတော်ကောင်းတရားတော်တွေကို နာယူဖန်များလာတော့ တစတစ အသိဉာဏ်တွေ တိုးတက်လာသယောင် ယခုလည်း ငယ်ငယ်ကကြားသာကြားဘူး၍ မတွေ့မြင် မဖတ်ရှုခဲ့ဘူးသည့် ဇာတ်တော်ကြီးများကို မကိုင်ဝံ့ မဖွင့်သာပါပဲ မရဲတရဲ ထူထူထဲထဲ စာအုပ်ကြီးများကို ပိုက်စိပ်တိုက် လေ့လာခဲ့ရာမှ သူဌေးသားရဟန်းတော်လေးတစ်ပါးအကြောင်းကို စိတ်ဝင်စားဆုံးလည်းဖြစ်၊ သတိရလို့ အားကျမျက်ရည်များပါ ယိုစီးခဲ့ရပါသည်။

သူက–

သာဝတ္ထိမြို့တော်မှ တစ်ဆယ့်ရှစ်ကုဋေ ကြွယ်ဝချမ်းသာတဲ့ မိဘများမှ မွေးဖွားလာသော တစ်ဦးတည်း

သောသား။ မိဘတို့မှ ငံ့ထားမတတ် ချစ်ရပါသော သား။ မိဘတို့ရဲ့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် တိုးပွား စေခဲ့တဲ့ သားတစ်ယောက်ပါ။

တစ်ဦးတည်းသော သားလေးမို့ အားကိုးကြ တယ်၊ အလိုတော်လိုက် အကြိုက်တော်ဆောင်ရင်း လောကီအာရုံ ကာမဂုဏ်ဘက်ကရှုပါရုံအလှအဆန်းတွေ ရှုလို့မငြီးနိုင်ရအောင် နတ်သမီးတမျှ ချောမောလှပတင့် တယ်သည့် အမျိုးသမီးလေးများ ခြံရံခစားစေခဲ့တယ်။

သားဖြစ်သူကလည်း လွန်စွာ ယဉ်ကျေး၏။ သိမ်မွေ့နူးညံ့ပါပေ၏။ မိဘစကားတသွေမတိမ်း နား ထောင်လို့ မိဘတွေကို စိတ်ချမ်းသာစေခဲ့ပါတယ်။ ဒါကြောင့်-- **မာတာပိတူနံ ပိယောမနာပေါ**- တဲ့။ လောကမှာ သားသမီးရှိကြတဲ့ မိဘတိုင်း စိတ်မချမ်းသာ ကြရဘူး။ သားသမီး မိုက်မဲပေတေနေရင် မိဘတွေ စိတ်ဆင်းရဲကြရတယ်။ သားသမီးများက မိဘ စိတ်ချမ်း သာအောင် နေထိုင်သွားရမယ်။

တစ်နေ့သော နံနက်ခင်း---

အရုဏ်ကျင်း အလင်းဆောင်လာသည်နှင့်အတူ သူဌေးသားလေးမှာ ပြသာဒ်ဆောင် အထက်ယံက မြို့တော်လမ်းမကြီးရှိရာသို့ လူအများကို စိတ်ဝင်တစား ကြည့်ရာမှ မိမိစိတ်အကြံသည် ထိုလူသူပရိသတ်ထဲသို့

အရောတဝင် လိုက်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်ခဲ့လေသည်။ဖြစ်ပေါ်သည့်အတိုင်းလည်းလိုက်ပါသွားခဲ့ပါသည်။

ထိုလူ့အုပ်ကြီးသည် မြတ်ဗုဒ္ဓ ကျောင်းတော်ဆီသို့ . . .

သူဌေးသား လိုက်ပါသည့် လူအုပ်ပရိသတ် ကျောင်းတော်သို့ ရောက်သည်နှင့် မြတ်ဗုဒ္ဓသည် ငြိမ်းချမ်းမှု မရှိသည့် ကာမဂုဏ်တို့ရဲ့ အပြစ်။ ငြိမ်းချမ်းမှု အပြည့်အဝရှိသည့် ဓမ္မရဲ့ အကျိုးထူးများကို ဝေဝေဆာဆာဖြင့် တရားဒေသနာတော်ကို ဟောမြွက်၍ နေပါတော့သည်။

သူဌေးသားလေး စိတ်အဝင်စားဆုံး ငြိမ်းချမ်းမှု မရှိသည့် ကာမဂုဏ်၏ အပြစ် ဥပမာများ–

ကာမဂုဏ်တရားတွေဟာ အရိုးသက်သက်နဲ့လည်း တူကြတယ်။ အသားတစ် အသားတုံးနဲ့လည်း တူကြတယ်။ မြက်မီးရှူးနဲ့လည်း တူကြတယ်။ မီးကျီးတွင်း မီးကျီးခဲနဲ့လည်း တူကြတယ်။ အိပ်မက်မက်တာနဲ့လည်း တူကြတယ်။ သူတစ်ပါးထံက ခဏချေးငှားတဲ့ ပစ္စည်းနဲ့လည်း တူကြတယ်။ အဆိပ်သီးနဲ့လည်း တူကြတယ်။ သန်လျက်နဲ့လည်း တူကြတယ်။ လှံတံကျင်နဲ့လည်း တူကြတယ်။ မြွေဟောက်ဦးခေါင်းနဲ့လည်း တူကြတယ်။ မီးပုံကြီးနဲ့လည်း တူကြသည်–တဲ့။

သံဝေဂတွေ တဖွားဖွားနှင့်–

သူဌေးသားလေးရဲ့ စိတ်အစဉ်မှာ အကျိုးအပြစ်တွေ မြင်လာတယ်။ ရဟန်းပြုရတာ အကျိုးရှိတယ်၊ ကာမဂုဏ်တရားတွေက အပြစ်ရှိတယ်။ "ငါ–ဖန်ရည်စွန်းတဲ့ ဝါသကန်းကို ဆင်မြန်းပါတော့အံ့" ဟု ဆုံးဖြတ်ချက်ချကာ မိဘများထံ ခွင့်တောင်း မြတ်ဗုဒ္ဓထံတော်ပါး၌ ရဟန်းပြုလေတော့၏။

ဓုရနှစ်ဖြာ ကြိုးစားလာ–

သူဌေးသား ရဟန်းတော်လေးသည် ဂန္ထဓုရ–စာပေ ကျမ်းဂန်တို့ကို သိက္ခာတော် ငါးဝါရသည်အထိ ကြိုးစားအားထုတ်တော်မူပြီး၊ ဝိပဿနာဓုရ = ပွားများအားထုတ်မှုကို အရည့်ဝါသိ – တောအရပ်ကို မှီခိုကာ ပွားများ အားထုတ် ကျင့်ကြံပါလေတော့သည်။ ဒီအခါမှာ ကိလေသာအာရုံ ကင်းဆိတ်ရာ တောရပ်ဒေသ သစ်ပင်ရင်း၌ာနဲ့ မှည့်ရွှမ်းတဲ့ သစ်သီးများ ရှာဖွေစားသောက်ကာ အားထုတ်နေရပေသည်။

**တောမှာ ငြိမ်းချမ်း၊ ကျောင်းသခ်မ်းနှင့်၊ မှည့်ရွှမ်းသစ်သီး၊ ဝမ်းဝယ်မှီး၍၊ ကိုယ်ထီးချည်းသာ၊ ကိလေသာကို ပယ်ခွာခြွေရတာတာဘိမူ––။**

(ရှင်မဟာရဋ္ဌသာရ)

* * *

မိဘများဖြစ်ကြတဲ့ သူဌေးကြီး သူဌေးကတော်ကြီးတို့မှာတော့ သားကလေးနဲ့ ခွဲရလို့ ရင်မှာဖို မျက်ရည်စိုင့်ကြွေးနေကြတယ်။ စားလဲသားစိတ်၊ သွားလဲသားစိတ်၊ အိပ်လဲသားစိတ်၊ နေလဲသားစိတ်။ "တစ်နေ့ကျရင် သင်္ကန်းဝါဝါလေးနဲ့ တို့ဆီပြန်လာလိမ့်မည်။ ရဟန်းတော် အသရေနဲ့ တရားလာ၍ဟောလိမ့်မည်"

"သြော်... သို့သော်ငြားလည်း တို့ဆီမှာတုန်းက အစစအရာရာ ပြည့်စုံစွာ စားသောက် နေထိုင်ခဲ့ရတဲ့ သားကလေး အခုတော့ ရဟန်းဘဝနဲ့ အစားအသောက်များ ဆင်းရဲနေမလား၊ အနေအထိုင်များ ဆင်းရဲနေမလား၊ အဝတ်အဆင်များ ဆင်းရဲနေမလား" မိဘတွေက တွေးကြတယ်။

သားကလေးနဲ့ ဝေးကွာခဲ့ရတဲ့ ရက်တွေ လက်ရေချိုးလို့ မျှော်ကိုးနေကြတယ်။ နေ့မှ ရက်၊ ရက်မှ လ၊ လမှ နှစ်၊ ရာသီတွေပြောင်းလာ၏။ အဟောင်းဖက်လို့ အသစ်အသစ်သော အချိန်တွေ အကြိမ်ကြိမ်ဖြတ်သန်းလာခဲ့ရ၊ ကာလအတော်ကြာလာတော့ ဆင်းရဲသားဘဝ ရောက်ခဲ့ကြရတယ်...။

ဘဝဆိုတာ...

သူဌေးကြီး သူဌေးကတော်ကြီးတို့မှာ လုပ်ငန်းကိစ္စ အထွေထွေတို့ကိုလည်း မကြပ်မတ် မထိန်းသိမ်း

မစောင့်ရှောက်နိုင်၊ အသက်အရွယ်က ကြီးလာတော့ အိမ်ဖော် အလုပ်သမားတွေလည်း မလေးစားကြတော့ဘူး။ လယ်သမားတွေကလည်း လယ်ကထွက်တဲ့ သီးနှံ အပိုင်သိမ်းထားကြတယ်။ ယာသမား ကိုင်းသမား အလုပ်သမားတွေကလည်း သူဌေးကြီးတို့ကို ဘာမှ မပေးကြတော့ဘူး . . .။

သားသမီး ညီအစ်ကို စတဲ့ လုပ်ငန်းခွင်မှာ ကြပ်မတ် သိမ်းဆည်းပေးကြမယ့် သူကလည်း တစ်ယောက်မှ မရှိဘူး။ ဒီကြားထဲ အိမ်ဖော်အလုပ်သမားတွေကလည်း ရွှေငွေ ပရိဘောဂ အတွင်းပစ္စည်းတွေ ယူငင်ကြ၊ ထိန်းသိမ်းမည့်သူ မရှိလေတော့ စီးပွားရေးတွေ ပျက်လာတယ်၊ အရွယ်တွေကလည်း ဇရာပိုင်းရောက်ပြီ၊ အိုမင်းမစွမ်း ဖြစ်လာတဲ့အတွက် သူဌေးဘဝမှ ဆင်းရဲသွားရလေသည်။

သူဌေးကြီး သူဌေးကတော်ကြီးတို့မှာ အခြံအရံ ဘာမှ မရှိကြတော့ဘူး။ အထီးကျန်ဘဝ ရောက်သွားတယ်။ လက်ထဲမှာ ရေဆေးတဲ့ ခွက်လောက်မှ မရှိကြတော့ဘူး။ အကြွေးတွေပူလာလို့ အိမ်ကြီးကို ရောင်းလိုက်ရတယ်။ အိုးမဲ့ အိမ်မဲ့ဖြစ်သွားကြရတော့၏။ တဖြေးဖြေးနှင့် သူတစ်ပါး အိမ်နှစ်လုံးကြား အဝတ်စုတ်များ ဖာထေးကာရုံပြီး တောင်းစားရသည့် ဘဝဆိုးသို့

ရောက်ရှိသွားကြရပေသည်။

**ဘဝဤကိုယ်၊ မင်းဟုဆိုလည်း၊ နေကိုပုံပြု၊ လကိုပုံထား၊ မှတ်တုံငြားလော့၊ နေကာထွက်ဝင်၊ ပေါ်ချုပ်ထင်ဓါ။ လလျှင်ပြည့်ကွယ်၊ ကြီး၍ငယ်ဓါ၊ ထိုနှယ် မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင်၊ အာဏာတာန်ခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိက်ရှိလည်း၊ တင်းတိမ်ပေါ် ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊ ခေါက်ရှာငှက်ပျံ၊ ခပ်ပုပ်ပျံနှင်း ဘုတ်ပျံရှုပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ။ မမြဲစွာတည်း။**

[မဃဒေဝ-၂၃၆]

* * *

တောထွက်ပြီး တရားဓမ္မ ကျင့်ကြံနေတဲ့ သူဌေးသားလေး (၁၇) နှစ်ကြာသော်ငြားလည်း သတိရနေကြသည်က မွဲတေနေတဲ့ မိအို ဖအို . . .။ အရှေ့အနောက်တောင်မြောက် အရပ်လေးမျက်နှာ ဘယ်အရပ်က ပေါ်လာနိုးနှင့် မျှော်ကိုးနေကြရှာ၏။

တောနေ ရဟန်းလေးမှာလည်း မိဘများထံသို့ ပထမဦးဆုံး ကြွဝင်ခြင်းကိစ္စကို ပြုလေ၏။ ရဟန်းတော်လေးမှာ မြို့ရောက်သည်နှင့် ဆွမ်းကိစ္စနှင့် ကြုံ၍ ဆွမ်းခံဝတ်ကို အရင်ဆုံး ပြုကျင့်လေတော့သည်။ အိမ်စဉ်

ရပ် ဆွမ်းခံစဉ် တဲကုတ်အိမ်တစ်အိမ်ရှေ့အရောက်တွင် . . .

"ဟင်– ငါ့အဖေ အမေများနှင့်တူလိုက်တာ"

မျက်စိများ မှုံဝါးနေပြီဖြစ်သည့် မိဘများမှာ–

"အရှင်ဘုရား ကန်တော့ဆွမ်းပါဘုရား"

ရဟန်းတော်လေးမှာ ရပ်မြဲရပ်နေလေ၏။ အချိန်အတော်ကြာသည်အထိ မလှုပ်မယှက် ရပ်နေသော်–

"ရှင်မ ငါတို့သား ရဟန်းများလား၊ အခုထိမကြွသေးဘူး"

"အေးကွဲ့– သွားကြည့်ရအောင်"

တစ်ဦးလက် တစ်ယောက်ဆွဲလို့ စမ်းတဝါးဝါးလာနေကြသည့် မိဘများကို မြင်သော် ရဟန်းတော်လေးမှာ မထိန်းနိုင်တော့ မျက်ရည်များ စီးကျ ငိုရပါတော့သည်။

"ဖြစ်မှ ဖြစ်ရလေ အမေတို့ရယ်"

ရဟန်းတော်အနီးသို့ ရောက်သော် အသေအချာအနီးကပ် ကြည့်ရှုဖူးမြင်ပြီး ရင်နင့်သည်းခြာ သားရတနာမှန်း သိရှိတာနဲ့ ခြေဖမိုးကို ဖက်ကာ ငိုယိုကြတော့၏။

ရဟန်းတော်လေးမှာ–

"မိခင် ဖခင်တို့ မငိုကြပါနဲ့ သားရဟန်းအလှည့်ကျလာပါပြီ၊ သားရှာဖွေ ကျွေးပါမည်" ဟု ပြောရင်း

ရရှိလာသော ဆွမ်းထမင်းဟင်းများကို မိဘနှစ်ပါးအား အကုန် ကျွေးလေသည်။

ထိုအချိန်မှစ၍ ရဟန်းတော်လေးမှာ မိမိအင်္ဂတော် ခံပြီး မိဘများကို ကျွေးမွေး၏။ သင်္ကန်းချုပ်ရန် ရရှိလာသော ပိတ်စများကို မိဘနှစ်ပါးကို ဝတ်စေ၏။ မိဘနှစ်ပါး၏ အသားအရေကို စိုပြေစေပါ၏။ မိဘနှစ်ပါး၏ စိတ်နှလုံးကို ရွှင်ပြုံးစေပါ၏။ ဤမျှထိ ကျေးဇူးကို ဆပ်တော်မူ၏။ အချိန်ကြာမြင့်လာသော် ရဟန်းတော်လေး၏ အသားအရေမှာ ဖက်ရွက်ခြောက်ကဲ့သို့ ဖြစ်လာသည်အထိ မိဘကျေးဇူးကို မညည်းမညူ ကြည်ကြည်ဖြူဖြူ ပေးဆပ်လေတော့သည်။

* * *

မြတ်ဗုဒ္ဓသည် သူဌေးသား ရဟန်းတော်လေး မိဘကျေးဇူးဆပ်နေသည်ဟု ကြားသိရသော်-

သာဓု သာဓု ဘိက္ခု တိတိက္ခတွံ့ သာဓုကာရံ
ဒတွာ တွံ မမ ဂတမဂ္ဂေ ဋ္ဌိတော၊ အဟမ္ပိ ပုဗ္ဗစရိယံ
စရန္တော မာတာပိတရော ပေါသေသိန္တိ အာဟ။

(ဇာ၊ ဋ္ဌ၊ ၆၊ ၈၉)

"ချစ်သားရဟန်း... ကောင်းလေစွ၊ ကောင်းလေစွ-ဟု သာဓု သုံးကြိမ်ခေါ်တော်မူ၏။ သင်ချစ်သားသည် ငါဘုရား လျှောက်လှမ်းတဲ့ အကျင့်လမ်းမမှာ

တည်ရှိသူမည်၏။ ငါဘုရားသည် အလောင်းတော်ဘဝနှင့် ပါရမီဖြည့်စဉ်ကာလ၌ သင်ကဲ့သို့ပင် မိဘကျေးဇူးကို ပေးဆပ်ခဲ့ဖူးပြီ" ဟု ရဟန်းတော်လေးကို ကိုယ်နှင့်အတူထား ချီးမွမ်းစကား ပြောကြားလေ၏။

မိဘကျေးဇူး အထူးသိတတ် ကျေးဇူးဆပ်သောအကြင်သားကောင်း သမီးမြတ်သည်–

၁။ ယခုပစ္စုပ္ပန်ဘဝ၌လည်း ပညာရှိများ၏ ချီးမွမ်းခြင်းကို ခံယူရ၏။

၂။ တမလွန်လောက နောက်ဘဝ၌လည်း မြင့်မြတ်သည့် ဘုံဘဝများ၌ ဝမ်းမြောက်ရွှင်လန်း မပင်ပန်းပဲ ချမ်းချမ်းသာသာ ပျော်မွေ့ရ၏။

၃။ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကလည်း ဘေးဥပါဒ်အန္တရာယ် မကျရောက်ရလေအောင် ကူညီစောင့်ရှောက်ကြလေကုန်၏။

* * *

## ဘဝတူလေး
## တိရစ္ဆာန်ငှက်

မြတ်စွာဘုရားအလောင်းတော် ကျေးသားဘဝ ဖြစ်စဉ်က သာလိဒ္ဒိယ ပုဏ္ဏားကြီးရဲ့ စပါးခင်းမှာ ကြက်တူရွေးငှက်များစွာနှင့်အတူ ဝင်ရောက်စားသုံးကြ၏။ ထိုအခါ– ဘုရားလောင်း ကျေးသားသည် အခြား ကျေးသားများလို စားသောက်ပြီး ပျံမသွားပဲ တနင့်တပိုး ကိုက်ချီယူပြီးမှ ပျံသွားလေ့ရှိ၏။

ရက်ကြာလာသောအခါ လယ်ပိုင်ရှင်မှာ မကျေမနပ်ဖြစ်နေလေ၏။ တစ်နေ့ အမိအရ ဖမ်းဖို့ စိတ်မှာ ပြင်းထန်နေသည်။ မိမိရည်မှန်းသည့်အတိုင်း လယ်ပိုင်ရှင်ပုဏ္ဏားမှာ ဘုရားလောင်း ကျေးသားကို တစ်နေ့ဖမ်းမိလေ၏။

ထိုအခါ လယ်ပိုင်ရှင်ပုဏ္ဏားသည်–

"တခြားတခြားသော ကျေးတွေဟာ စားသောက်ရုံပဲ စားသောက်တယ်၊ သင်က ဘာဖြစ်လို့ စပါးနှံအပိုတွေ သယ်ယူရတာလဲ၊ ဂိုထောင်နဲ့ သိုလှောင်ထားတာလား...၊ ငါ့စီးပွားရေး ပျက်စီးအောင် ဖျက်ဆီးတာလား..." ဟု မေးမြန်းရာ– ကျေးသားလေးက စကားသုံးခွန်း ဖြေကြားပါတယ်။

ကျွန်ုပ်မှာ–

၁။ ကြွေးအသစ်ပေးနေရပါတယ်။

၂။ ကြွေးဟောင်းလည်း ဆပ်နေရပါတယ်။

၃။ ရွှေအိုးလည်း မြှုပ်နှံနေရပါတယ်။

၁။ ကြွေးအသစ်ပေးနေရပါတယ်ဟု ဆိုရာ၌ လောကတွင် မိဘက သားသမီးတို့ကို အရွယ်ရောက် ကြီးမြောက်လာအောင် စောင့်ရှောက်ပြုစုလာတာဟာ အိုလာသောအခါ ပြန်ကျွေးမွေးရန် ကြွေးအသစ်ပေးနေခြင်း ဖြစ်ပေသည်။

၂။ ကြွေးအဟောင်းလည်း ဆပ်နေရပါတယ်ဟု ဆိုရာ၌ လောကတွင် သားသမီးက မိဘကို ပြန်လည်၍ ကျွေးမွေးပြုစု ကျေးဇူးဆပ်နေကြရခြင်းသည် ငယ်ငယ်က စားခဲ့ ဝတ်ခဲ့ နေခဲ့ဖူးသော အကြွေးဟောင်းကို ပြန်ဆပ်နေရခြင်း ဖြစ်ပါသည်။

၃။ ရွှေအိုးလည်း မြှုပ်နှံနေရတယ်ဟု ဆိုရာ၌ လောကတွင် ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု အစုစုပြုလုပ်နေရခြင်းသည် သံသရာခရီးသွားလမ်းမှာ စားသုံးဖို့ရန် ရွှေအိုးနှင့်တူတဲ့ ဒါနကို မြှုပ်နှံနေရခြင်းဖြစ်ပေသည်။

ဤသို့ ဖြေကြားလိုက်သော ဘုရားလောင်း ကျေးငှက်ကလေးရဲ့ စကားကို သဘောကျသွားရှာသော လယ်ပိုင်ရှင် ပုဏ္ဏားကြီးမှာ သူပိုင်လယ်များ၏ တစ်ဝက်ကို ကျေးသားလေးအား အပိုင်ပေးလိုက်လေတော့သည်။

* * *

## သံ့းသပ်ထင်မြင်

### ကျေးဇူးဆပ်စေချင်

ဆန်လေတဲ့သည်ရေ...။ မိဘကျေးဇူးသည် အစုန်သာရှိ အဆန်မရှိ–ဟု ကြားခဲ့ဖူးပါသည်။ မှန်လည်း မှန်ပါလေသည်။ တစ်ရာမှာ တစ်ယောက်မှ မိဘကျေးဇူး ကို မဆပ်နိုင်ကြပါ။ ဆပ်နိုင်သည့် သားသမီးသည်လည်း မိဘကျေးဇူးဖြစ်သည့်ပင်လယ် သမုဒ္ဒရာ မြစ်ချောင်း ရေများလောက် မများသာပါသော်လည်း ရေတစ်ပေါက် ရေတစ်စက်လောက်တော့ ရှိပါမည်။ သည်ရေသည်ပင် လျှင် ဆန်ရေ ဆန်တက်တဲ့ရေပေါ့...။

သဘာဝ ရေဆန်ကို ကူးခပ်ဖို့ဆိုတာ မလွယ်ကူ ပါ။ ကူးကြည့်ပါမှ သိရပါသည်။ မိဘကျေးဇူး ရေစုန် ကို အပြန်အလှန် ရေဆန်အဖြစ် ကျေးဇူးဆပ်ဖို့ဆိုတာ

လွန်စွာမှ ခက်ခဲပါ၏။ ထိုခက်ခဲ ကြမ်းတမ်းသည့် လက်တွေ့ အတိတ်ဇာတ်ကြောင်း၊ ပစ္စုပ္ပန် ဇာတ်ကြောင်းများကို ဖတ်ရှုခံစားရသည့် သက်သေအတိုင်းပင်တည်း...။

မည်မျှ ကြမ်းတမ်းခက်ထန်းငြားလည်း မိဘကျေးဇူးကို ဆပ်ဖူးသော သားသမီးများ၏ ဘဝသည် အလွန်ငြိမ်းချမ်း၏။ အလွန်သာယာ၏။ အနောက် အယှက်ဘေးမှ ကင်းဝေးရပါပေ၏။ ဤအကျိုးတရားများကို သင်ကိုယ်တိုင် ခံစားမှုရလာဒ်ကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါစေလား...။

မှန်မှန်ကန်ကန် သုံးသပ်နိုင်သည့် ပုဂ္ဂိုလ်ဖြစ်ပါက စစ်မှန်ကြည်လင်သည့် ဉာဏ်အမြင် ထင်မြင်မှုသည် သင့်မှာ ဖြစ်ပေါ်လာမည့်မှာ အမှန်ပင် ဖြစ်ပေ၏...။

ထိုသောအခါ-

ကြီးမားသည့် မိဘကျေးဇူးကို ကျေပြွန်အောင်သာ ဆပ်ပါလေတော့...။

* * *

**စာရေးသူသည် ဤ ကျေးဇူးဆပ်သမားကို ၉-၉-၉၉နေ့တွင် မိဘကျေးဇူးဆပ်ဖို့ရာ ငွေ တစ်သောင်း ပြည့်ရန် လေးထောင်လိုအပ်နေသည့်**

**အတွက် ဖြည့်ဆည်းလှူဒါန်းခဲ့ပါသည်။ မိဘဖြင့် မွေးဖွားလာသူတိုင်း ကျေးဇူးတရား နားလည်၍ ကျေးဇူးဆပ်နိုင် ကြပါစေ။**

အဖြစ်အပျက်ပိုင်ရှင်များနှင့်အတူ ရင်နှင့်အောင် ခံစားရင်း ရေးသားမိပါသည်-

သု (သဒ္ဓမ္မရုံသီ)

၂-၂-၂၀၀၀

တစ်သက်တာမှ

တစ်သံသရာမှာ

အားကိုးဖို့ရာ

လိုက်နာဖို့ရာ

ကျင့်သုံးဖို့ရာ

ကြီးပွားဖို့ရာ

အစီးအပွားဖြစ်ဖို့ရာ---

ဆု (သဒ္ဓမ္မရံသီ)

၏

# လုံးစုံပြည့်ဝချမ်းသာရေးအောင်

(လိုက်နာရမည့် ဗုဒ္ဓစကားတော်များ)

အထွဋ်အမြတ်ဆုံးလိမ္မာဖို့
ဗုဒ္ဓအနှစ်သက်ဆုံး လမ်းဆုံးပန်းတိုင်ရောက်ဖို့
အချိန်မီဖတ်လျက် ကျင့်ကြံဖို့သည်
လူ့ဘဝ၏ အဓိကအချက်-။
ဒဏ္ဍာရီမဆန် ပုံပြင်မဟုတ်
လက်တွေ့ကျင့်ကြံရှုမှတ်ရန် ပိဋကသုံးသွယ်မှ
ပုံဝတ္ထုသာဓကများစွာဖြင့်-

ကျေးဇူးတော်ရှင်သဒ္ဓမ္မရံသီဝိပဿနာ ဆရာတော်ဘုရားကြီး

၏

# အလိမ္မာပုံဝတ္ထုများ

## ၁၂ (သဒ္ဓမ္မရံသီ)

စုစည်းပူဇော်သည်

တကယ်ဖတ်ပါမှ မြတ်ပေလိမ့်မည်

သဒ္ဓမ္မရံသီစာပေ ☎-၆၆၁၅၉၇၊ ၆၅၀၅၇၆ သို့မှာကြားနိုင်သည်။
နယ်ဖြန့်ချိရေး- တင်တင်အေး ပိဋကတ်စာပေ၊ ရွှေတိဂုံ
တောင်ဘက်မုခ်၊ ဗဟန်း၊ ရန်ကုန်၊ ☎-၅၄၀၀၃၇

ပထမဦးစွာ မိမိကိုဆုံးမဖို့-

ဒုတိယ- မိမိရဲ့ ပတ်ဝန်းကျင်ကိုဆုံးမဖို့-

တတိယ- မိမိရဲ့ အဆုံးအမများ

ထပ်ဆင့်ပြန့်ဝေ ကျန်ရစ်စေဖို့-

လေ့လာဖတ်ထား အကျိုးများစေမည့်...

ကျေးဇူးတော်ရှင်သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး

၏

# အဆုံးအမအနှစ်သာရများ

## ၁ (သဒ္ဓမ္မရံသီ)

စုစည်းပူဇော်သည်

ရန်ကုန်၊ မန္တလေး ဆိုင်ကြီး၊ဆိုင်သေး မေး၍ဝယ်ပါ

သဒ္ဓမ္မရံသီစာပေ ☎ ၆၆၁၅၉၇၊ ၆၅၀၅၇၆၊

နယ်ပြန့်ချိရေး တင်တင်အေးပိဋကတ်စာပေ

☎-၅၄၈၀၃၇

ကံကူလက်လှည့်
အနိမ့်အမြင့်ဘဝများက
တွေ့မြင်နေရသည့်အတိုင်း
ကြောက်စရာချည်းပဲ-
လူတိုင်း မနိမ့်ချင် မြင့်ချင်ကြပေ၏။
ဘဝမြင့်သည်ထက် မြင့်ရလေအောင်...

ညို (သဒ္ဓမ္မရံသီ)

၏

# ကမ်းလိုက်သည့်လက်များ

စာအုပ်ကိုဖတ်ပြစ်အောင်ဖတ်ထားမှ

ရန်ကုန်၊ မန္တလေး ဆိုင်ကြီးဆိုင်သေး မေး၍ဝယ်ပါ

သဒ္ဓမ္မရံသီစာပေ ☎ ၆၆၁၅၉၇၊ ၆၃၀၅၇၆၊
တင်တင်အေးပိဋကတ်စာပေ ☎-၅၄၈၀၃၇

သူတစ်ပါးကိုချစ်ဖို့
သင်ယူနေခြင်းထက်
မိမိကိုယ်ကို မိမိချစ်ဖို့
သင်ယူရပေမည်။
သို့မှသာ၊ သံသရာ မရှည်မည်။
ဒါ့ကြောင့်လည်း-
သံသရာမရှည်စေလိုပါလျှင်တော့...

ညို (သဒ္ဓမ္မရံသီ)

ရဲ့

# ချစ်တတ်အောင်သင်

ဖတ်ထားမှ အမြတ်ပွားမည်

ရန်ကုန်၊ မန္တလေး ဆိုင်ကြီး၊ဆိုင်သေး မေး၍ဝယ်ပါ

သဒ္ဓမ္မရံသီစာပေ ☎ ၆၆၁၅၉၇၊ ၆၅၀၅၇၆၊
တင်တင်အေးပိဋကတ်စာပေ ☎-၅၄၈၀၃၇




ဖေဖေ့ အတွက် အား

မေမေ့ ရဲ့ သား

ခရီးနှယ်ကြမ်း

သားရဲပြွမ်းလည်း

အစွမ်းငါ့မှာရှိရမည် ။

ကျေးဇူးရေစုန်

လမ်းမဖုန်လည်း

စွမ်းဟုန်ငါ့မှာရှိရမည်။

၂၆
၁